ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်၊ သောကြာနေ့၊ (21-1-2005) (၄၄၈၅)

ကန်ဇွန်း‌ခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ရေငြိမ်ကန်မှတစ်ဆင့် ရေတင်ပိုက်ဖြင့် မြောင်းမကြီးသို့ ရေတင်ပေးစဉ်။ (၁၈၆)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကွန်ချောင်း(၂) ရေလှောင်တမံ ကြည့်ရှုစစ်ဆေး စီးဝင်ရေကို သိုလှောင်ကာ နွေစပါးဧက ၁၂၀၀ ရေပေးစိုက်ပျိုးထား လုပ်ငန်းအားလုံးပြီးစီးပါက ဧက ၂၀၀၀၀ ရေပေးစိုက်ပျိုးနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၁၆ရက်တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၌ တည်ဆောက်နေသည့် ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ပင်မတမံပြီးစီးသောအပိုင်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုများ၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ဆည်ရေသောက်စနစ်များ၊ ရေသွယ်မြောင်းဖောက်လုပ်ပြီးစီးမှု၊ နွေစပါးစိုက်ပျိုးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ယခုနှစ်အတွင်း ပြီးစီးအောင်တူးဖော်ရမည့် ရေသွယ်မြောင်းများ အမြန်ပြီးစီးရေး၊ နွေစပါး အချိန်မီစိုက်ပျိုးရေး၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပင်မတမံ အချောသပ်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသောလုပ်ငန်းများ၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မမြောင်းတစ်လျှောက်မှ ဆည်ရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးမှု၊ ဒိုင်နမိုငယ်များတပ်ဆင်၍ ရေအားလျှပ်စစ်ထုတ်ယူမှုကို ကြည့်ရှုစစ်ဆေးပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများမွမ်းမံ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိရာ ပြခန်းများ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြီးစီးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ် ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်သမိုင်းပြတိုက်ရှိ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ တပ်မတော်(ရေ)ပြခန်းနှင့်တပ်မတော်(လေ)ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဆင်မွမ်းမံလျက်ရှိသည်။ (သတင်းစဉ်)

မြန်အောင်မြို့နယ်တွင် ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း တည်ဆောက် ဧရာဝတီမြစ်ရေကိုစုပ်တင်၍ လယ်မြေဧက ၅၀၀၀ စိုက်ပျိုးရေပေးနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ကန်ဇွန်းခုံကျေးရွာဒေသတွင် သီးနှံစိုက်အားတိုးမြှင့်ရန်အတွက် ဧရာဝတီမြစ်မှ မြစ်ရေကိုစုပ်တင်၍ စိုက်ပျိုးဧက ၅၀၀၀ခန့်အား ရေပေးဝေနိုင်မည့် ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁၂ရက်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တောင်ဘက် ခြောက်မိုင်အကွာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ကန်ဇွန်းခုံ၊ ဝက်တိုး၊ ကနောင်၊ အိုးဘို၊ ကျွဲတဲကုန်း၊ ပေါက်ကုန်းစွန်း၊ သခွပ်ကွင်းနှင့် ကပ်ခို ကျေးရွာအုပ်စုများ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဧက ၅၀၀၀ ရေပေးမည်

ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် ရေပေါ်ရေတင်စက်ကြီးများ တည်ဆောက်ကာ ပင်မရေတင် အဆင့်(၁)အဆင့်ဖြင့် လျှပ်စစ်မော်တာများအသုံးပြုလျက် စိုက်ပျိုးမြေဧက ၅၀၀၀ အား ရေပေးဝေမည့် စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။ (၁၈၆)

ရေသွယ်မြောင်း

ရေထိန်းတံခါးမှတစ်ဆင့် ရေသွယ်မြောင်းလက်တက်သို့ ရေပေးဝေစဉ်။ (၁၈၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၁-၂၀၀၅
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးမြင့်ပညာရှင်များ ပေါ်ထွန်းလာရေး အခြေခံပညာကဏ္ဍက စတင်လေ့ကျင့်ပျိုးထောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်းတိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍ အားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိသည်။ ယင်းသို့သော အခြေအနေကြောင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးနိုင်မည့်အချိန်အခါသို့ ရောက်ရှိနေကြောင်းတွေ့ရသည်။

တစ်နည်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော တိုင်းကျိုးပြည်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍကိုအခြေပြု၍ ကြိုးပမ်းဆောင်ရွက်နေရသော အချိန်အခါပင်ဖြစ်သည်။

ထို့ကြောင့် ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်၏ သမိုင်းကြောင်း အခြေခံများ၊ မျက်မှောက်ကာလ၏ ပကတိအခြေအနေမှန်များနှင့် ပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတော်က မျှော်မှန်းထားသည့် အနာဂတ်အလားအလာများကို ရှင်းရှင်းလင်းလင်း သိမြင်စေရန် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဇန်နဝါရီလ ၁၅ ရက်နေ့က ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင် တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် **အခြေခံပညာဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များအား အခွင့်အလမ်းများ ကျယ်ပြန့်စွာပွင့်လန်းစည်ပင်နေသည့် ပညာရေးနယ်ပယ်ကြီးတွင် တစ်ဦးချင်းစီ၏ ကိုယ်စီကိုယ်စီဝါသနာ၊ ဗီဇ၊ ကျွမ်းကျင်မှုများအရ အနာဂတ်မျှော်မှန်းချက်များနှင့်အညီ ရှေ့ဘဝခရီးကို မှန်ကန်ဖြောင့်မတ်စွာ ရွေးချယ်နိုင်ရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်လာစေရန် အခြေခံပညာကဏ္ဍကစတင်ပြီး စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြရန်** မှာကြားခဲ့သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်ဖြစ်ရာ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်ပယ်ကဏ္ဍစုံတွင် ပေါ်ထွန်းလာရန် အထူးလိုအပ်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ လေကြောင်းနှင့် အာကာသပညာ၊ ရေကြောင်းသိပ္ပံပညာရပ်ဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ပညာရှင်အသီးသီးကို မွေးထုတ်ပေးလျက် ရှိနေပြီဖြစ်သည်။

ယင်းသို့ အဆင့်မြင့်ပညာကဏ္ဍတွင် ပေါ်ထွန်းလာနေသည့် အခွင့်အလမ်းပွင့် ပညာရေးစနစ်နှင့်အညီ အခြေခံပညာကဏ္ဍ တွင်လည်း ကျောင်းသူ၊ ကျောင်းသားလူငယ်များကို ကြိုတင်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်မှုများ၊ ပညာရပ်အမျိုးမျိုးပေါင်းစည်းထားသည့် ဘာသာတွဲများကို ရွေးချယ်သင်ယူနိုင်သည့်စနစ်များ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းစနစ်များဖြင့် အရည်အသွေးမြှင့်တင်မှုလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသူ၊ ကျောင်းသားလူငယ်များအား ပညာရပ်၏အဓိပ္ပာယ်ကို လေ့လာဆန်းစစ်နိုင်မှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆဖန်တီးနိုင်မှု ပိုမိုရရှိစေမည့်နည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယင်းသို့ သင်ကြားပေးခြင်းဖြင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များအနေဖြင့် အသိပညာဗဟုသုတ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှုတို့ ပိုမိုပြည့်ဝလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံးက နိုင်ငံတော်ကိုတည်ဆောက်ကာကွယ် မြှင့်တင်ပေးနိုင်မည့် အရည်အသွေး မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာရေးအတွက် အခြေခံပညာကဏ္ဍကစတင်ပြီး စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မကွေးတိုင်းအတွင်း စည်ပင်သာယာလုပ်ငန်းများ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)ဦးကျော်မြင့်နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက်တွင် မကွေးတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း နတ်မောက်မြို့နယ်အပိုင်း လုပ်ငန်းခွင်ရှိ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်း အခြေအနေများကို ဖက်တော၌ ရှင်းလင်းဆောင်၌ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းက ရှင်းလင်းတင်ပြရာ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အထူးအရာရှိနှင့်အဖွဲ့သည် ခရိုင်ချင်းဆက် လမ်းအတိုင်း ဆက်လက်ထွက်ခွာရာ နတ်မောက်မြို့နယ် လမ်းအပိုင်းမှ ဆောင်ရွက်ပြီးစီးခဲ့သည့် ကျောက်လမ်း ၁၄/၄ မိုင်၊ သစ်သားတံတား တစ်ခု၊ ရေကျော်ငါးခုနှင့် ရေပြွန် ၁၄ ခုတို့အား ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး၊ အလေအလွင့်မရှိစေရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အထူးအရာရှိသည် ဇန်နဝါရီ ၁၆ ရက်တွင် တောင်တွင်းကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းမြေသားလမ်းနှင့် ကျောက်ချောလမ်းတို့ကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသော တောင်တွင်းကြီးမြို့နယ် အခြေအနေများကို အမှုဆောင်အရာရှိ ဦးညိုဝင်းက ဆတ်သွားရွာအနီး လုပ်ငန်းခွင်၌ ရှင်းလင်းတင်ပြသည်။

တံတားတည်ဆောက်မှု

ထို့နောက် အထူးအရာရှိနှင့်အဖွဲ့သည် ခရိုင်ချင်းဆက် လမ်းအတိုင်း ဆက်လက်ထွက်ခွာရာ တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက် လမ်းပေါ်ရှိ သစ်သားတံတားများနှင့် ရေပြွန်များ တည်ဆောက်ထားရှိမှုနှင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်း စပါးရင်းတွင်းကျေးရွာအနီး မြေသားလမ်းကို မြေညှိစက်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းခရိုင်ချင်းဆက်လမ်း တောင်တွင်းကြီးနှင့် ဆင်ပေါင်ဝဲအပိုင်း၌ မြေသားလမ်း ၁၅ မိုင်၊ ကျောက်ချောလမ်း ငါးမိုင် ငါးဖာလုံ၊ သစ်သားတံတား လေးစင်း၊ ရေပြွန် ကိုးခုဖောက်လုပ်ပြီးစီးခဲ့ရာ မကွေးတိုင်းအတွင်း ကျေးလက်လမ်း စုစုပေါင်း မြေသားလမ်း ၁၈မိုင် တစ်ဖာလုံနှင့်ကျောက်ချောလမ်းခြောက်မိုင် ခြောက်ဖာလုံ ဖောက်လုပ်နိုင်ခဲ့သည်။

သောက်သုံးရေပေးဝေရေး

ဆက်လက်၍ အထူးအရာရှိနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်တွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မကွေးမြို့ကို သောက်သုံးရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မြို့ရေပေးရေးမှဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန်နှင့် စက်ရေတွင်းအမှတ်(၁၃)သို့ လည်းကောင်း၊ တွင်းအမှတ်(၁၉)၊ တွင်းအမှတ်(၇)နှင့် ဂါလန် ၂၀၆၀၀၀ ဆံ့ ရေစုကန်မှ ရေပေးဝေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပိုမိုဖြန့်ဖြူးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရေး၊ ရေလှောင်ကန်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေစက်များ အပျက်အစီးနည်းပါးအောင် ကြံ့ခိုင်ထိန်းသိမ်းရေးမှာကြားသည်။တွင်းအမှတ်(၅)သည် အနက်၃၄၈ ပေ၊ ၁၀ လက်မတွင်းဖြစ်ပြီး တစ်နာရီလျှင် ဂါလန် ၄၀၀၀၀ ထွက်ရှိ၍ ရန်ပယ်၊ ရန်အောင်၊ ရန်ကျော်၊ ရန်ဝေး ရပ်ကွက်များသို့ ရေပေးဝေနိုင်ကြောင်း သိရသည်။(သတင်းစဉ်)

ရွှေပြည်သာမြို့နယ် ရွှေလမ်းဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၅/၂ ရပ်ကွက် ရွှေလမ်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၇ ရက်တွင် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ သာသနာ့ ဒီပံမဟာစည် ရိပ်သာ ရွှေပြည်သာ)၊ ၂၈ ရက်တွင် ဘဒ္ဒန္တအာစိဏ္ဏ (မဟာစည်နယ်လှည့် ဓမ္မကထိက ရွှေပြည်သာ ညောင်ကန်အေးရိပ်သာ)၊ ၂၉ ရက်တွင် ဘဒ္ဒန္တမာနိတ (မဟာစည်နယ်လှည့်ဓမ္မကထိက သာသနာ့တံခွန်ကျောင်း)နှင့် ၃၀ ရက်တွင် ထိလာအရှင်ဉာဏိဿရ (မဟာစည်နယ်လှည့် ဓမ္မကထိက) ညောင်ကန်အေး အင်းစိန်တို့က ညစဉ် ၈ နာရီမှစ၍ တရားတော်များ ချီးမြှင့်ကြမည်ဖြစ်သည်။ (က-ပ)

❀ **ရွှေဖုံးမှ**

နွေစပါးစိုက်ပျိုးနေကြသည့် တောင်သူလယ်သမားများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပေးဝန်ထမ်းများ၊ အလုံ(မြောက်) ကျေးရွာအုပ်စုမှ တောင်သူများအား တွေ့ဆုံ၍ ဆည်ရေ လေလွင့်ဆုံးရှုံးမှုမရှိအောင် အသုံးပြုရေး၊ ဆည်၊ ရေလှောင်တမံ၊ ရေသွယ်မြောင်းနှင့် တူးမြောင်းအဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေး၊ သက်တမ်းတို အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သစ်ဆိမ့်ကိုင်းရွာအနီးရှိ ပင်မရေမြောင်းနှင့် ရေကျအဆောက်အအုံ(၆)မှ ပြည်တွင်းဖြစ် ဒိုင်နမိုဖြင့် ရေအားလျှပ်စစ်ထုတ်ယူမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေစိုက်ပျိုး

ထို့နောက် ဝန်ကြီးသည် ကြခင်းမြို့နယ် ပုသိမ်-မုံရွာ မော်တော်ကားလမ်းပေါ် မိုင်တိုင်အမှတ်(၂၆)မိုင် ခုနစ်ဖာလုံတွင်ရှိသော ကွန်ချောင်း(၂) ရေလှောင်တမံ ပင်မရေမြောင်းနှင့် ဒေသစိုက်ခင်းများသို့ ရေပေးမှုကို ကြည့်ရှုစစ်ဆေးသည်။ ကွန်ချောင်းရေလှောင်တမံလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သော်လည်း စီးဝင်ရေကို သိုလှောင်ကာ နွေစပါးဧက ၁၂၀၀ကို ရေပေးဝေစိုက်ပျိုးထားပြီး ဖြစ်ကြောင်းနှင့် လုပ်ငန်းအားလုံးပြီးစီးပါက ဧက ၂၀၀၀၀ ကို ရေပေးဝေစိုက်ပျိုးနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် အဆင့်မြင့်အရာရှိကြီးများအတွက် အီလက်ထရောနစ် အစိုးရလုပ်ငန်းများသင်တန်း (e-Government Workshop Training Course for Senior Officials)၊ အီလက်ထရောနစ် စာအပို့အယူလုပ်ဆောင်မှုသင်တန်း (E-Mail Operating Course) တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ကျင်းပသည်။

သင်တန်းဆင်းပွဲ၌ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Taskforce) မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(ဝဲပုံ)**

တက်ရောက်

အဆင့်မြင့်အရာရှိကြီးများအတွက် အီလက်ထရောနစ် အစိုးရလုပ်ငန်းများသင်တန်းမှာ ရက်သတ္တတစ်ပတ်ကြာ သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၂၃ခုမှ အဆင့်မြင့်အရာရှိ သင်တန်းသား ၂၃ဦး တက်ရောက်ကြပြီး ကျန်သင်တန်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပုံမှန်သင်တန်းဖြစ်ကာ သင်တန်းသူ၊ သင်တန်းသား ၁၅ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမှတ်(၉) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (ထ-ပ-ဆ)

ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အမှတ်(၉) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်း၊ ပြည်သူ့သားစစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက တပ်မတော်၊ စံပြဒို့တပ်မတော်၊ ကျန်ရှိသေးသောတာဝန် တစ်ရပ် စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)က မြန်မာအာဇာနည်၊ စံပြဒို့တပ်မတော်၊ ပြည်သူ့သားစစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)က ရဲသွေးရဲမာန်၊ တပ်မတော်၊ အောင်လံလွင့်မယ် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ပြည်သူ့သားကောင်း စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ၊ မြန်မာဒို့ရဲ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတို့မှ ဘင်ခရာအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်း (FDI)နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ဆဋ္ဌမအကြိမ် ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံကို Traders Hotel ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သွားနှင့်ခံတွင်းဆရာဝန် ပြည်တွင်းမှ ၁၉ဦးနှင့် ပြည်ပမှ ရှစ်ဦးတို့က သုတေသနစာတမ်းများ ဖတ်ကြားပို့ချဆွေးနွေးကြမည်ဖြစ်သည်။ ဆေးပြခန်းများ၊ အားကစားပြိုင်ပွဲများ ပါဝင်ပြီး သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီတွင် အဆိုပါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံသို့ တက်ရောက်လိုသော သွားဆရာဝန်များသည် ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက် နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအတွင်း Traders Hotel၌ မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

အီရတ်ပြတိုက်မှ ပျောက်ဆုံးသွားသည့် ရှေးဟောင်းပစ္စည်းအချို့ကို ကန်ကပြန်လည်ပေးအပ်

နယူးယောက် ဇန်နဝါရီ ၁၉

အီရတ်အမျိုးသားပြတိုက်မှ ပျောက်ဆုံးနေသည့် သက်တမ်း နှစ် ၄၀၀၀ရှိ ချိပ်တံဆိပ် သုံးခုကို အမေရိကန်နိုင်ငံသား ပညာရှင်တစ်ဦးထံမှ အမေရိကန်အကောက်ခွန်ဌာနက သိမ်းဆည်းခဲ့ပြီး အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးထံသို့ အင်္ဂါနေ့က ပြန်လည်ပေးအပ်ခဲ့သည်။

အီရတ်နိုင်ငံနှင့် ပတ်သက်၍ စိတ်မကောင်းစရာ ကောင်းသည့် သတင်းဆိုးများ ထုတ်လွှင့်နေချိန်ဝယ် ယင်းကဲ့သို့သော သတင်းသည်အရေးပါပြီး အကျိုးပြုသော စိတ်ချမ်းမြေ့ဖွယ် သတင်းဖြစ်ကြောင်း သံအမတ်ကြီး ဆူမေဒီက နယူးယောက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော် ပြောကြားသည်။

ပျောက်ဆုံး

အီရတ်တွင် ရှေးဟောင်းပစ္စည်း အမည်ပေါင်း နှစ်သိန်းငါးသောင်းကျော် ပြသထားရာ ရှေးဟောင်းပစ္စည်း ၁၅၀၀၀သည် အီရတ်သမ္မတ ဆက်ဒမ် ဟူစိန်အား ရာထူးမှ ဖယ်ရှားပြီးနောက် မသမာသူများ၏ လက်ချက်ဖြင့် ပျောက်ဆုံးခဲ့ရသည်။

ရှေးဟောင်းပစ္စည်း ထက်ဝက်ကျော်ကို ပြန်လည်ရရှိပြီဖြစ်ကြောင်း၊ ယင်းပစ္စည်းများအီရတ် နိုင်ငံတွင် နေရာမှန်သို့ ပြန်လည်မရောက်မချင်း မိမိတို့ကြိုးပမ်း အားထုတ်သွားမည်ဖြစ်ကြောင်း ဆူမေဒီက ပြောကြားသည်။

ဖော်ပြပါ ဆလင်ဒါသဏ္ဍာန် ချိပ်တံဆိပ်တုံးများကို စက္ကူအသုံးမပြုမီက စစ်မှန်ကြောင်း ပြသသည့်အနေဖြင့် အသုံးပြုခဲ့ခြင်းဖြစ်ပြီး တံဆိပ်တုံးတစ်ခုစီသည် တစ်လက်မခန့် အရှည်ရှိကာ လွန်ခဲ့သည့် ဘီစီ ၂၃၄၀နှင့် ၂၁၈၀ ကာလအတွင်းက အသုံးပြုခဲ့သည့်ပစ္စည်းများဖြစ်သည်ဟု ခန့်မှန်းထားကြသည်။

တွေ့ရှိ

၎င်းပစ္စည်းများကို အမေရိကန်အကောက်ခွန်ဌာနက ပညာရှင်တစ်ဦးဖြစ်သည့် ဂျိုးဇက်ဘရောင်ဒီ၏ အဝတ်သေတ္တာအတွင်းမှ နယူးယောက်ကနေဒီလေဆိပ်တွင် ၂၀၀၃ခုနှစ် ဇွန်လက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းပစ္စည်းများကို ပလတ်စတစ်အကြည်သား သေတ္တာအတွင်း စက္ကူပါးဖြင့် ထုပ်ထားသည်။ ပညာရှင်ဖြစ်သည့် ဘရောင်ဒီက အီရတ်တွင် ခရီးထွက်ခဲ့ပုံနှင့်ပတ်သက်၍ ပထမတွင် ငြင်းဆန် ပြောကြားခဲ့ပြီးနောက်ပိုင်း၌ ယင်းပစ္စည်းများကို ဘဂ္ဂဒက်မြို့တော်ရှိ မှောင်ခိုဈေးကွက်မှ ဒေါ်လာ ၂၀၀ ပေး၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် ဇန်နဝါရီ ၁၈ ရက်က ကားတစ်စီးမီးလောင်ကျွမ်းရာ မီးသတ်သမားတစ်ဦး ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂိုင်ယာနာနိုင်ငံ၌ မိုးသည်းထန်ပြီးရေလွှမ်းမိုးမှုဖြစ်

ဂျော့တောင်း ဇန်နဝါရီ ၁၉

လူတစ်ဦးသေဆုံးပြီး ထောင်ပေါင်းများစွာသော ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်စေသည့် ရာစုနှစ်အတွင်း အဆိုးရွားဆုံး မိုးသည်းထန် ရေလွှမ်းမှုကြုံတွေ့ပြီးနောက် ဂိုင်ယာနာနိုင်ငံ အစိုးရက မြို့တော်ဂျော့တောင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများကို ဘေးအန္တရာယ်ရှိဇုန်အဖြစ် အင်္ဂါနေ့က ကြေညာလိုက်ကြောင်း အာဏာပိုင်များက ပြောဆိုသည်။

မြို့တော်ဂျော့တောင်း၏ လမ်းမကြီးများကို ရေလွှမ်းမိုးလျက်ရှိကြောင်း၊ စာသင်ကျောင်းများ၊ အစိုးရရုံးများနှင့် စတိုးအရောင်းဆိုင်များမှာလည်း ပိတ်ထားရကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အချို့နေရာများတွင် ရေလွှမ်းမိုးသဖြင့် ရေမှာခါးလောက်အထိ ရှိသည်ဆို၏။ ရေနစ်သေဆုံးသူ အသက်(၃၈)နှစ်အရွယ် အမျိုးသားတစ်ဦး၏ အလောင်းကို ဂျော့တောင်းမြို့တော် အရှေ့ဘက်၌ အင်္ဂါနေ့တွင် ပြန်တွေ့ရသည်ဟု ဒေသခံများက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်သို့ ရေနံပေးပို့သည့် ပိုက်လိုင်းတိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗြိတိသျှအစိုးရက ၎င်း၏နိုင်ငံသားများအား အီရတ်သို့မသွားရန် သတိပေးထား

လန်ဒန် ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံတွင် ဇန်နဝါရီ ၃၀ ရက် ရွေးကောက်ပွဲမကျင်းပမီ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရမှုများရှိနေစဉ် ဗြိတိန်နိုင်ငံသားများ ဘဂ္ဂဒက်နှင့်အနီးအပါး ပြည်နယ်ငါးခုသို့ ခရီးမသွားရောက်ကြရန် ဗြိတိသျှအစိုးရက တနင်္လာနေ့က သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံသားများအနေဖြင့် ဘဂ္ဂဒက်နှင့် ကပ်လျက်ရှိကြသော အန်ဘာ၊ ဆလာဟီဒင်၊ ဒိုင်ယာလာ၊ ဝါဆစ်နှင့် ဘာဘီပြည်နယ်များသို့ ခရီးသွားရောက်ခြင်းမပြုကြရန် မိမိတို့ အကြံပေးထားကြောင်း၊ အီရတ်ရှိ အခြားသောဒေသများသို့လည်း လိုအပ်မှသာ ခရီးသွားလာကြရန် မိမိတို့အကြံပေးထားကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ရှိနေသည့် ဗြိတိန်နိုင်ငံသားများအနေဖြင့်လည်း အီရတ်တွင် ဆက်လက်နေထိုင်ရန် လိုအပ်မှုရှိ၊ မရှိ စဉ်းစားနိုင်ရန်လည်း မိမိတို့ တိုက်တွန်းပါကြောင်း၊ လိုအပ်မှုရှိသည့်တိုင် အီရတ်နိုင်ငံအတွင်း ခရီးသွားလာမှုကို ဖြစ်နိုင်ပါက ရွှေ့ဆိုင်းထားရန်လိုအပ်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

ခြိမ်းခြောက်

အီရတ်၏ လုံခြုံရေးအခြေအနေမှာ အန္တရာယ်ရှိလှကြောင်း၊ ပြည်ပနိုင်ငံသားများအတွက် ပြန်ပေးဆွဲမှုများ၊ ခုခံတိုက်ခိုက်မှုများ နေရာအနှံ့ ဆက်လက်ပေါ်ပေါက်နိုင်ကြောင်း၊ ဗြိတိန်နိုင်ငံသားများအား ခြိမ်းခြောက်မှုသည် ပိုမိုမြင့်မားလာနိုင်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။ အီရတ်တွင် ရွေးကောက်ပွဲမကျင်းပမီအချိန်အတွင်း တိုက်ခိုက်မှုများ တိုးမြင့်လာနိုင်သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုအပေါ် ကန်လူထုအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေ

ဝါရှင်တန် ဇန်နဝါရီ ၁၉

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုသည် မှားယွင်းမှုရှိ၊ မရှိနှင့်ပတ်သက်၍ အမေရိကန်ပြည်သူလူထုအတွင်း ဆတူနီးပါး သဘောထားကွဲလွဲနေကြောင်း၊ ပြည်သူလူထု အများစုက မှားယွင်းသည်ဟု ယုံကြည်လျက်ရှိကြကြောင်းဖြင့် စီအင်အင်ယူအက်စ်အေနှင့် တူဒေးဂေါလပ်က ကောက်ယူသည့် လူထုသဘောထားစစ်တမ်းအရ တနင်္လာနေ့က သိရှိရသည်။

ဇန်နဝါရီလအတွင်း ကောက်ယူသော စစ်တမ်းအရ ၅၂ ရာနှုန်းသော ပြည်သူလူထုက အီရတ် ကျူးကျော်မှုသည် မှားယွင်းကြောင်း၊ ၄၇ ရာနှုန်းက မှားယွင်းမှုမရှိကြောင်း တုံ့ပြန်ပြောကြားခဲ့ကြကြောင်းဖြင့် စစ်တမ်းတွင် ဖော်ပြထားသည်။

ယင်းရလဒ်သည် နိုဝင်ဘာ ၁၉–၂၁ က အလားတူ ကောက်ယူခဲ့သည့် စစ်တမ်းနှင့် ဆန့်ကျင်ဖက်ဖြစ်နေပြီး ယင်းအခါက ၄၇ ရာနှုန်းသော ပြည်သူလူထုက အီရတ် တိုက်ခိုက်မှုသည် မှားယွင်းကြောင်း၊ ၅၂ ရာနှုန်းက မှန်ကန်ကြောင်း စစ်တမ်းတွင် ဖော်ပြခဲ့သည်။

အမေရိကန် ပြည်သူလူထုသည် အီရတ်တွင် ရောက်ရှိနေသည့် အမေရိကန်တပ်ဖွဲ့ဝင် ပမာဏအပေါ် မူတည်၍ ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း ယင်းစစ်တမ်းက ဖော်ပြလျက်ရှိသည်။

၂၄ ရာနှုန်းသော ပြည်သူလူထုက တပ်ဖွဲ့ဝင်များ အီရတ်သို့ ပိုမိုပို့သင့်ကြောင်း၊ ၂၆ ရာနှုန်းက ယင်းပမာဏအတိုင်း ဆက်လက်ထားရှိလိုပြီး ၂၁ ရာနှုန်းက တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်း၊ ၂၅ ရာနှုန်းက တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းသင့်ကြောင်း ဖော်ပြသည်ကို စစ်တမ်းအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကော်စတာရီကာတွင် ရေကြီးမှုကြောင့် အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုး ဆုံးရှုံး

ဆန်ဟိုဆေး ဇန်နဝါရီ ၁၉

ပြီးခဲ့သော သီတင်းပတ်က ကာရစ်ဘီယံဒေသရှိ ကော်စတာရီကာနိုင်ငံကမ်းခြေတွင် လေကြီးမိုးကြီးကျခဲ့သည့်အတွက် ရေကြီးမှုဖြစ်ပွားပြီး အမေရိကန် ဒေါ်လာ ၂၅ သန်းဖိုး ဆုံးရှုံးသွားရကြောင်း ကော်စတာရီကာ ကယ်ဆယ်ရေးအဖွဲ့ (စီအမ်အီး)က ယမန်နေ့က ကြေညာခဲ့သည်။

ထုတ်ပြန်

ထိုအဖြစ်အပျက်ကြောင့် ကော်စတာရီကာနိုင်ငံ၏ အဓိက ပို့ကုန်လုပ်ငန်းဖြစ်သော ငှက်ပျောနှင့် နာနတ်စိုက်ခင်းဟက်တာပေါင်း ၆၆၀၀ ကျော် ပျက်စီးခဲ့ရသည့်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ဖိုးဆုံးရှုံးခဲ့ရကြောင်း စီအမ်အီးကော်မရှင်က ထုတ်ပြန်ခဲ့သည်။

နိုင်ငံတွင်းရှိ တံတားပေါင်း ၁၁၉ ခု၊ ရေတားတမံနှင့် ရေတံတားပေါင်း ၂၇ ခု ဖောက်လုပ်ပြီး လမ်းမ၏ နေရာ ၂၀၀ ကျော်တွင် ပျက်စီးသွားရသည်။ အဆိုပါဆုံးရှုံးမှု စုစုပေါင်းမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ငါးသန်းမျှရှိကြောင်း သိရသည်။ ကယ်ဆယ်ရေးကော်မရှင်က ဒုက္ခသည်များကို ရွှေ့ပြောင်း နေရာချထားပေးခြင်းနှင့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရေးတို့အတွက် အကူအညီများ ပေးသွားမည်။ ထို့အပြင် မိုးသည်းထန်မှုကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရသော လယ်ယာလုပ်သားပေါင်း ၁၂၀၀ တို့ကိုလည်း အထောက်အပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အတိဒုက္ခရောက်

ဇန်နဝါရီ ၁၁ ရက်မှစ၍ ကော်စတာရီကာနိုင်ငံတွင် အရေးပေါ်အခြေအနေ ကြေညာထားသည်။ မိုးသည်းထန်မှုကြောင့် လူလေးဦး အသက်ဆုံးရှုံးပြီး လူငါးဦးပျောက်ဆုံးနေကာ လူ ၈၅၀၀ တို့ အတိဒုက္ခ ရောက်ကြရကြောင်း သိရသည်။

ဇန်နဝါရီ ၈ ရက်က ရွာသွန်းသော မိုးသည် သည်းထန်လှပြီး တစ်ရက်အတွင်းမှာပင် မီလီမီတာ ၃၀၀ ကျော် ရွာသွန်းခဲ့ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မုန်တိုင်းဒဏ်ကြောင့် သစ်တောပျက်စီးမှုများပြား

စတော့ဟုမ်း ဇန်နဝါရီ ၁၈

ဇန်နဝါရီလ အစောပိုင်းကာလက ဥရောပမြောက်ဘက်သို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ဆွီဒင်နိုင်ငံ၏ သစ်တောများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုလေမုန်တိုင်းဒဏ်ကြောင့်သစ်တောကဏ္ဍတွင် စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည်။ ပျက်စီးသွားသော သစ်တောပမာဏသည် ကုဗမီတာပေါင်း ၇၅ သန်း ထက်မနည်းရှိပြီး ငွေကြေးအားဖြင့် ဆွီဒင်ကရိုနာတစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၄၅ဒသမ၉သန်း)ရှိ သည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ တလျံမြို့၏ ကွန်ပျူတာဆော့ဖ်ဝဲတင်ပို့မှု ၇၃ရာခိုင်နှုန်း တိုးတက်

တလျံ ဇန်နဝါရီ ၁၉

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ပင်လယ်ဆိပ်ကမ်း မြို့ကြီးတစ်မြို့ဖြစ်သော တလျံမြို့၏ ကွန်ပျူတာဆော့ဖ်ဝဲ ပြည်ပတင်ပို့ရောင်းချမှုမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၂ သန်းဖိုးအထိ မြင့်တက်လာရာ ယင်းမှာနှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၇၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း အကောက်ခွန်ဌာနက ထုတ်ပြန်သော စာရင်းအင်းကိန်းဂဏန်းများတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် တလျံမြို့၏ ကုန်သွယ်ဖက်နိုင်ငံများအနက် အကြီးဆုံးသောနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း၊ ယင်းမြို့၏ ပြည်ပပို့ကုန်တန်ဖိုးအရပ်ရပ်၏ ၈၂ ရာခိုင်နှုန်းမှာ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ပြည်ပ ပို့ကုန်တန်ဖိုး၏ ၈ ရာခိုင်နှုန်းမှာမူ စင်ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

တလျံမြို့တွင် ကွန်ပျူတာဆော့ဖ်ဝဲကုမ္ပဏီပေါင်း ၂၀၀ ကျော်ရှိပြီး ယင်းကုမ္ပဏီများအနက် လေးပုံတစ်ပုံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပါဝင်သော ကုမ္ပဏီများ ဖြစ်ကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

အားပေးကူညီ

တရုတ်နိုင်ငံ အရှေ့မြောက်ဘက်ဒေသရှိ စက်မှုလုပ်ငန်းများ အခြေစိုက်ရာနယ်မြေတွင် ကွန်ပျူတာ ဆော့ဖ်ဝဲထုတ်လုပ်မှုနှင့် ပို့ကုန်အခြေစိုက်စခန်းအဖြစ် တလျံမြို့ ရပ်တည်လာနိုင်ရေးတွင် အစိုးရ၏ အားပေးကူညီမှုများ ရရှိခဲ့ကြောင်း မြို့တော်ဝန် ကျီဒါရင်က ပြောကြားသည်။

အကောင်အထည်ဖော်

မိမိ၏ ဒေသန္တရအစိုးရအဖွဲ့သည် တလျံမြို့ မြောက်ပိုင်းတွင် ကွန်ပျူတာဆော့ဖ်ဝဲ ထုတ်လုပ်ရာ နယ်မြေတစ်ရပ် ပေါ်ထွန်းလာစေရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဆော့ဖ်ဝဲဇုန်နယ်မြေ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သံမဏိစက်ရုံ

သံမဏိထုတ်လုပ်မှု စံချိန်တင်ရန် မျှော်မှန်းထားသည့် တရုတ်နိုင်ငံရှိ သံမဏိစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရွေးကောက်ပွဲမကျင်းပမီ ရဲတပ်ဖွဲ့ဝင်များ ထောင်နှင့်ချီ၍ အလုပ်မှနုတ်ထွက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံတွင် တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ ခြိမ်းခြောက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ထောင်ချီ၍အလုပ်မှနုတ်ထွက်နေကြရာ အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့ဝင်သစ်များနှင့် ရွေးကောက်ပွဲအတွက် အလုပ်သမားများရရှိရန် ကျားကုတ်ကျားခဲ လုံးပန်းလျက်ရှိကြသည်။ ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ရှိ တပ်ဖွဲ့အတွက် အုပ်ချုပ်ရန် ရဲချုပ်အသစ်တစ်ဦးကို လွန်ခဲ့သည့် ရက်သတ္တပတ်က ခန့်ထားခဲ့သည်။ လွန်ခဲ့သည့် နိုဝင်ဘာလက မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့ဝင် ၅၀၀၀ ရှိခဲ့သည်။

အလားတူ ရဲတပ်ဖွဲ့ဝင်များသည် အီရတ်မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် အုပ်စုလိုက် အလုပ်မှ နုတ်ထွက်ဖွယ်ရှိနေသည်။

ထူးထူးခြားခြား

အီရတ်နိုင်ငံတွင် ကျင်းပမည့် ဇန်နဝါရီ ရွေးကောက်ပွဲအပေါ် ခြိမ်းခြောက်မှုသည် အောက်တိုဘာလတွင်းက အာဖဂန်နစ္စတန်နိုင်ငံ တစ်နိုင်ငံလုံးတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲထက် ပိုမိုဆိုးရွားနိုင်ကြောင်းနှင့် တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ ထူးထူးခြားခြား ခြိမ်းခြောက်မှုကိုဆန့်ကျင်၍ လုံခြုံရေးအတွက် အာမခံရန် မဖြစ်နိုင်ကြောင်း အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝုဖိုဝစ်ဇ်က ဝန်ခံပြောကြားခဲ့သည်။

မိုဆူးလ်ဒေသတွင် အမေရိကန်ကြည်းတပ်စထိုက်ကာ တိုက်ခိုက်ရေးတပ်မဟာအဖွဲ့က ကလာပ်စည်းခေါင်းဆောင်တစ်ဦးအပါအဝင် တိုက်ခိုက်ရေးသမားဟု သင်္ကာမကင်းခံရသူ ၁၁ ဦးကို ထိန်းသိမ်းပြီး ရှာဖွေစီးနင်းမှုပြုလုပ်ခဲ့စဉ်အတွင်း လက်နက်များနှင့် ဗုံးလုပ်သည့် ကိရိယာများကို သိမ်းယူခဲ့သည်ဟု စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ပစ်ခတ်

မိုဆူးလ်မြို့အရှေ့ပိုင်းတွင် ကက်ယူရှာအမည်ရှိ ရော့ကက်ဒုံးကျည်ဖြင့် အာဘီဒေသရှိ ဒေသဆိုင်ရာ ပါလီမန်အဆောက်အအုံအနီး ပစ်ခတ်ခဲ့သည်။

ဘဂ္ဂဒက်မြို့တွင်လည်း ရဲဝတ်စုံဖြင့် လက်နက်ကိုင်များက ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြစ်သည့် ထင်ရှားသော ရှီးယိုက်အမျိုးသမီးတစ်ဦးအား တင်ဆောင်လာသည့် မော်တော်ယာဉ်အား ချောင်းမြောင်းတိုက်ခိုက်ခဲ့ရာ လက်ထောက်တစ်ဦး သေဆုံးခဲ့သည်။

အင်တာနက်။



ဂျပန်နိုင်ငံ နစ်ဆန်းမော်တော်ကား ကုမ္ပဏီ၏ စက်ရုံတွင် အလိုအလျောက်စက်များ အသုံးပြုကာ ကားများတပ်ဆင်ထုတ်လုပ်နေသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီးရီးယားနိုင်ငံ၏ ရေနံထုတ်လုပ်မှု တည်ငြိမ်အောင် ထိန်းသိမ်းမည်ဟုဆို

အယ်ဂျီးယာ့စ် ဇန်နဝါရီ ၁၉

အယ်ဂျီးရီးယားနိုင်ငံ၏ ရေနံထွက်ရှိမှုကို နေ့စဉ်စည်ပေါင်း ၁ ဒသမ ၃၄ သန်း အထွက်တွင် ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အယ်ဂျီးရီးယားနိုင်ငံ၏ စွမ်းအင်နှင့် သတ္တုတွင်းလုပ်ငန်းဝန်ကြီး ချာကစ်ဘ်ကီလီလ်၏ ပြောကြားချက်ကို ဇန်နဝါရီ ၁၅ ရက်က အမျိုးသားရေဒီယိုမှ ထုတ်လွှင့်ခဲ့သည်။

ယခုနှစ်၏ ပထမလေးလပတ်တွင် အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ရေနံဈေးနှုန်းသည် လက်ရှိအခြေအနေ၌ တည်ငြိမ်နေမည်ဖြစ်ကြောင်း၊ ရေနံဈေးနှုန်းသည် ဒုတိယလေးလပတ်တွင် အနည်းငယ် ကျသွားသည့်တိုင်အောင် တစ်စည်လျှင် အမေရိကန် ဒေါ်လာ၃၀ အထက်တွင်တည် ရှိနေမည် ဖြစ်ကြောင်း ကီလီလ်က ရေနံဈေးနှုန်းကို ကြိုတင်ခန့်မှန်းခဲ့သည်။

ပစ်ပယ်ခြင်းမရှိ

အပြည်ပြည်ဆိုင်ရာ ရေနံဝယ်လိုအားသည် ၂၀၀၅ ခုနှစ်တွင် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်နေခြင်းမှာ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ သို့သော် ပထဝီကမ္ဘာ့နိုင်ငံရေးအခြေအနေများ မတည်ငြိမ်ဖြစ်မှုကြောင့် အပြည်ပြည်ဆိုင်ရာ ရေနံဈေးကွက်တွင် ဈေးနှုန်းများ တက်သွားနိုင်သည်ဆိုသောအချက်ကို ဝန်ကြီးက ပစ်ပယ်ခြင်းမရှိကြောင်း သိရသည်။

ကမ္ဘာ့ရေနံ တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပီအီးစီ)တွင် အယ်ဂျီးရီးယားနိုင်ငံသည် အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည်။ ထိုနိုင်ငံ၏ ၂၀၀၄ ခုနှစ်အတွက် ရေနံထွက်ရှိနှုန်းသည် စည်ပေါင်း ၁ ဒသမ ၄ သန်းရှိသည်။

အခြေခံကျ

ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အယ်ဂျီးရီးယားနိုင်ငံ၏ စီးပွားရေးတွင် အခြေခံအကျဆုံးသောလုပ်ငန်း ဖြစ်သည်။ အယ်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံခြားပို့ကုန်တင်ပို့မှုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့မှုမှရရှိသော နိုင်ငံခြားငွေသည် ပို့ကုန်စုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နီပေါနိုင်ငံတောင်ပိုင်းတွင် အိန္ဒိယကောင်စစ်ဝန်ရုံး ဖွင့်လှစ်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၉

အိန္ဒိယနိုင်ငံသည် နီပေါနိုင်ငံတောင်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဘီဂန်းမြို့တွင် ကောင်စစ်ဝန်ရုံး တစ်ရုံးကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက အင်္ဂါနေ့တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

နီပေါနိုင်ငံတွင် အိန္ဒိယကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ အဆိုပါ ကောင်စစ်ဝန်ရုံး တည်ရှိရာမြို့သည် မြို့တော်ခတ္တမန္ဒူတောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာတွင် ရှိကြောင်း သတင်းကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

နီပေါတွင်ဖွင့်လှစ်လိုက်သော အိန္ဒိယကောင်စစ်ဝန်ရုံးသည် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်း၊ အိန္ဒိယနိုင်ငံသားများအတွက် မှတ်ပုံတင်ခြင်း၊ အိန္ဒိယနိုင်ငံတွင် ပညာသင်ဆုရရှိသော နီပေါကျောင်းသူ၊ ကျောင်းသားများ၏ လျှောက်လွှာများကို စိစစ်ကာ ဗီဇာထုတ်ပေးခြင်း၊ မော်တော်ယာဉ်ပါမစ်များ ထုတ်ပေးခြင်းနှင့် ကောင်စစ်ရေးရာ စာလွှာစာတမ်းများကို ထောက်ခံပေးခြင်းတို့ အပါအဝင် ဝန်ဆောင်လုပ်ငန်း အများအပြားကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

အကူအညီပေး

ကောင်စစ်ဝန်ရုံး ဖွင့်လှစ်ခြင်းဖြင့် အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပိုမိုလွယ်ကူလာစေမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံ တွေ့ကြုံရသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်အပြင် ကုန်သွယ်ရေးနှင့် သက်ဆိုင်နေသော ကိစ္စရပ်များ စုံစမ်းမှုပြုလုပ်ရာ၌ အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အန္တာတိက ရေခဲမြစ်နှင့် ရောမရေခဲတောင် တိုက်မိမည့်အခြေအနေ သိပ္ပံပညာရှင်များ စောင့်ကြည့်နေ

ကင်ဘာရာ ဇန်နဝါရီ ၁၈

အန္တာတိက ရေခဲမြစ်တစ်ခုနှင့်ရောမရေခဲတောင်ကြီးတို့ တိုက်မိမည့် အခြေအနေကို သိပ္ပံပညာရှင်များက စောင့်ကြည့်နေကြသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ရောမရေခဲတောင်ကြီးမှာ ဘီ-၁၅ အေဖြစ်သည်။ ယင်းမှာ မိုင် ၁၀၀ ခန့်ရှည်ပြီး ယင်းတွင် တစ်ကမ္ဘာလုံးကို သောက်သုံးရေ သုံးလေးလကြာ ဖြန့်ဝေပေးနိုင်သည့် အတိုင်းအတာရှိသော ရေပမာဏပါဝင်သည်။ ဘီ-၁၅ အေ ရေခဲတောင်သည် တစ်ခါက ဘီ-၁၅ရေခဲတောင်ကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။

ဘီ-၁၅ ရေခဲတောင်ကြီးသည် အန္တာတိက အစွန်းရှိ ရော့စ်ရေခဲအငူမှ လွန်ခဲ့သည့် ငါးနှစ်က ပဲ့ထွက်သွားသော ရေခဲတောင်ကြီးဖြစ်သည်။ ဤရေခဲတောင်ကြီးသည် ဒရိုင်းဂယ်စကီဂလေစီယာတန်းခေါ် ရေခဲမြစ်ဆီသို့ နေးကွေးစွာ မျောပါရွေ့လျားလာနေခြင်းဖြစ်သည်။ ထို့ကြောင့် ရေခဲမြစ်နှင့် ရေခဲတောင်ကြီး တိုက်ကြမည့် လက္ခဏာရှိသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။

အမေရိကန်အခြေစိုက် အမျိုးသားသိပ္ပံဖောင်ဒေးရှင်း(အင်အက်စ်အက်ဖ်)က ခရစ္စမတ်မတိုင်မီ တိုက်ကြလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်ထားပြီး အာကာသအေဂျင်စီ နာဆာကမူ ဇန်နဝါရီ ၁၅ ရက်နေ့တိုက်ကြမည်ဟု ခန့်မှန်းခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြိုဆိုပါသည် မြန်မာ့အိုင်စီတီ

ရင်ငြိမ်းပန်း

ယနေ့ခေတ်ကာလဖြစ်သော ICT(Information and Communication Technology) ခေတ်တွင် စကားပြောတိုင်း ICT ပါမှ ခေတ်မီသည်ဟု ဆိုရပါမည်။ မောင်ရင်ငြိမ်းတစ်ယောက် ခေတ်မီမီ ရေးချင်၍ ICT ကို အခြေခံပြီးတော့ ရေးရပါမည်။ ယနေ့ Information ခေတ်တွင် သတင်းသည် အခရာပင်ဖြစ်သည်။ နေရာတကာ သတင်းမပါ၍မရပါ။ စစ်ရေးမှာပဲဖြစ်ဖြစ် စီးပွားရေးမှာပဲဖြစ်ဖြစ် သတင်းသည် ထိပ်ဆုံးကပြေး၍နေသည်။ သတင်းလက်ဦးမှုရသူက နှာတစ်ဖျားသာပါမည်။ သတင်းလက်ဦးမှုရအောင် အဆက်အသွယ်ဆိုသည့် Communication ကို မရမနေ ဆောင်ရွက်လာကြသည်။ သတင်းကို နှေးနှေးပို့မလား၊ မြန်မြန်ပို့မလား၊ Transmission လုပ်သည့် ကြားခံ Equipment ၏ အလုပ်လုပ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ Transmission Equipment ကောင်းလျှင်ကောင်းသလို မြန်နှုန်းမြင့်မည်သာ ဖြစ်ပါသည်။ Information ခေါ် သတင်းတွေ မြန်မြန်ပို့နိုင်ဖို့ Transmission Equipmentတွေ ကောင်းဖို့က နိုင်ငံမှာ Technology မြင့်ရန်လိုပါသည်။ Technologyမြင့်သော တိုင်းပြည်က ရှေ့တန်းရောက်သလို Technology နိမ့်သော တိုင်းပြည်က Globalization ခေတ်မှာတော့ နောက်မှာကျန်ရစ်ခဲ့မှာ သေချာပါသည်။ ထို့ကြောင့် ခေတ်မီ၍ တိုးတက်ချင်သော မောင်ရင်ငြိမ်းတစ်ယောက် ICT ရေစီးကြောင်းမှာတော့ စုန်ဆန်မျောရပါမည်။

မောင်ရင်ငြိမ်းတို့ ယနေ့ဖြတ်သန်းရသည်က ICT ရေစီးကြောင်း။ မြန်မာနိုင်ငံကြီး ဖြတ်သန်းရမည်က Globalization ရေစီးကြောင်းနှင့်အတူ ICT ခေတ်။ 'အိုင်စီတီ'သည် မောင်ရင်ငြိမ်းတို့အတွက် တိုးတက်ရေးလမ်းကြောင်းအပေါ် မလွဲမသွေ တွန်းတင်ပေးမည့် ယန္တရားကြီး တစ်ခုပင်ဖြစ်သည်။

MICT DC ဝင်းထဲဝင်ကြည့်လိုက်လျှင်ပင် မသိတာတွေ အတော်များသွားသည်။ အောက်ထပ်ကွန်ဖရင့်ခန်းမမှာက IT ဆွေးနွေးပွဲတွေ မပြတ်တွေ့ရသည်။ အနာဂတ်၏ မြန်မာပြည်ပုံရိပ်ကို အကောင်အထည်ဖော်မည့် လူငယ်များက Building 3/4/5/6 ဆီသို့ ဥဒဟို ဝင်ထွက်နေသည်။ ပျားအုံဘေးဝယ် လူးလာပျံသန်းနေသော ဝတ်ရည်သယ်သည့် ပျားများပမာ ဝင်ချည် ထွက်ချည်ပင်။ ဒုတိယထပ်အခန်း ၂၀၁၊ ၂၀၂နှင့် ၂၀၃ တို့တွင် မောင်ရင်ငြိမ်း ပါဝင်ဆောင်ရွက်ရသော IT Master Plan (အိုင်တီဆိုင်ရာ ရှေ့လုပ်ငန်းစဉ်)အခန်းများ။ အနာဂတ် IT ရေစီးကြောင်းတွင် ရွက်လွှင့်မည့် မြန်မာ ICT လှေကြီးပေါ်တွင် မောင်ရင်ငြိမ်းက တက်တစ်ချောင်းကိုင်ခွင့်ရသည်။ မောင်ရင်ငြိမ်း၏စားပွဲက ကွန်ပျူတာမြှုပ်ထားသော Multimedia တပ်ဆင်ထားသည့် ကွန်ဖရင့်စနစ်ပါသော စားပွဲ။ စားပွဲအားလုံးတွင် ဒီအတိုင်း တပ်ဆင်ထားပြီး၊ Video စနစ်၊ Projector များ၊ Deskများ၊ Digital Camera, Video Screen နှင့် Electronic whiteboardတစ်ခု။ မောင်ရင်ငြိမ်း၏အဖွဲ့ IT Master Plan ရေးဆွဲရာတွင် အထောက်အကူပြုမည့် အခန်း။ အလားတူ ကွန်ပျူတာများတပ်ဆင်ပြီး Internet Access တပ်ဆင်ထားသည့် အလုပ်ခန်း၊ စာကူးစက်၊ ဖြတ်စက်နှင့် မောင်ရင်ငြိမ်းတို့၏ Master Planကို IAI (Initiative for ASEAN Intergration) အစီအစဉ်အရ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ကျင်းပသော တပ်မတော်နည်းပညာ တက္ကသိုလ်သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်း အခမ်းအနား၌ မိန့်ခွန်းမြွက်ကြားရာတွင် –

"ယနေ့ကာလမှာ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အသစ်တွေ့ရှိချက်တွေဟာ အလွန်လျင်မြန်စွာ ပေါ်ပေါက်နေတာကြောင့် တီထွင်မှုတစ်ရပ်ဟာ ဆန်းသစ်တဲ့ အနေအထားမှာ ခဏ္ဍခဏသာ ရှိနိုင်ပြီး အသစ်ထပ်မံတွေ့ရှိချက်ရဲ့ တွန်းထိုးဖယ်ရှားမှုကို အချိန်တိုအတွင်းမှာပဲ ရင်ဆိုင်ရတာဖြစ်တယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ အချိန်နဲ့အမျှ လေ့လာဆည်းပူးကြရမယ်။ ဒါ့အပြင် ပထမဦးစွာ ပညာဗဟုသုတကို စုဆောင်းရမယ်။ ဒုတိယအားဖြင့် အတုမြင် အတတ်သင်ဆိုသလို စမ်းသပ်လုပ်ကိုင်ကြည့်ရမယ်။ တတိယအားဖြင့် ကိုယ်ပိုင်တီထွင်မှုကို ပြုကြရမယ်။

တီထွင်မှု မှတ်တိုင်စိုက်ထူနိုင်ခဲ့တဲ့ သိပ္ပံပညာရှင်ကြီးတွေဟာ ဖွဲ့၊ လုံ့လ၊ ဝီရိယကြီးမားကြတာကို တွေ့ရလိမ့်မယ်။ အံ့သြဘနန်းတီထွင်မှုတွေဟာ ခွန်အားကြောင့်ရရှိတာထက် ဖွဲ့၊ လုံ့လနဲ့သာ ရရှိခဲ့ကြတာဖြစ်တာကြောင့် ရဲဘော်တို့ဟာ မြန်မာနိုင်ငံရဲ့ သိပ္ပံနဲ့နည်းပညာအတွက် ဖွဲ့သတ္တိကြီးမားကြဖို့ တိုက်တွန်းလိုက် ပါတယ်"ဟူ၍ ထည့်သွင်းမိန့်ကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းသည် တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းများအတွက်သာမက မောင်ရင်ငြိမ်းတို့၏ အနာဂတ်လမ်းကြောင်းကိုပါ မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ မောင်ရင်ငြိမ်းတို့ အနာဂတ်တွင် စွန့်ဦးတီထွင်သူ (Entrepreneur) လူငယ်အများစုလိုပါသည်။ သူတို့လေးတွေအတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကွန်ပျူတာတက္ကသိုလ်များအား ပြည်နယ်၊တိုင်းအနှံ့ တည်ထောင်ဖွင့်လှစ်ပေးသကဲ့သို့ အခြေခံပညာကျောင်းများတွင်လည်း ကွန်ပျူတာတပ်ဆင်ခြင်းနှင့် မာလ်တီမီဒီယာစာသင်ခန်းများဖွင့်လှစ်ခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် ကွန်ပျူတာ ဒီပလိုမာသင်တန်းများအား ပြည်နယ်နှင့်တိုင်းအနှံ့တွင် ဖွင့်လှစ်ပေးခြင်းတို့ဖြင့် လူသားစွမ်းအားအရင်းအမြစ်များကို မြေတောင်မြှောက်ပေးခဲ့သည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသလို တက်ကြွနိုးကြားသောလူငယ်များ၏ စိတ်ဓာတ်တွင် အမိနိုင်ငံတော်ကြီး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် မလျှော့သောဖွဲ့လုံ့လဖြင့် လျှောက်လှမ်းသွားကြရန်လိုပါသည်။ နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ခြည်မပြတ်ကြည့်ရှုရမည်ဖြစ်သကဲ့သို့ ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးလည်မသုန်ဆောင်ရွက်သွားရန် လိုပါသည်။

ယနေ့ကမ္ဘာသည် အင်တာနက်ကမ္ဘာဖြစ်သည်။ ဆက်သွယ်မှုရရှိသည့် စနစ်တိုင်းတွင် အင်တာနက်ကို ချိတ်ဆက်ကြသည်။ အင်တာနက် အသုံးပြုသူများအောင် ပြုလုပ်ပြီး အင်တာနက်အမြန်နှုန်းအား မြှင့်ကြသည်။ ရိုးရိုးဖုန်းလိုင်း၊ ADSLလိုင်းများမှသည် Gigabite Internet အထိ ချိတ်ဆက်နိုင်အောင် လုပ်ဆောင်လာကြသည်။ Analog စနစ်မှသည် Digitalစနစ်သို့ ပြောင်းလဲလာကြသည်။ ရိုးရိုး Phone လိုင်း ဆက်သွယ်မှုမှသည် ဂြိုဟ်တုစနစ်နှင့် အလင်းဖန်မျှင် (Fibre Optic Cable) ဆက်သွယ်မှုစနစ်သို့ လှမ်းကြသည်။ Narrow-band မှသည် Wide-band အထိ ပြောင်းလဲလာကြသည်။

အီလက်ထရွန်းနစ်တိုးတက်သည်နှင့်အမျှ e-Government, e-ASEAN, e-Commerce, e-Procurement, e-Business, e-Bay, e-Education, e-mail, စသည်ဖြင့် အီလက်ထရွန်းနစ်ဖြင့် ထုံမွမ်းထားသကဲ့သို့ မိမိတို့လူမှုအဖွဲ့အစည်းကိုလည်း e-Society ဟုပင်ခေါ်တွင်လာခဲ့ပေသည်။ Globalization ခေတ်တွင် အမိမြန်မာနိုင်ငံကြီးသည် နောက်ကျကျန်ရစ်၍ မဖြစ်တော့ပါ။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးကူညီမှုများပေးနေသည့်ခေတ်ကြီးတွင် အမိနိုင်ငံ၏ ICT တိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေပါသည်။

တိုးတက်သော ခေတ်ကြီးတွင် ကုန်သွယ်မှုပိုလျှံရေးအတွက် သတင်းဆက်သွယ်မှု ထုတ်ကုန် ဈေးကွက်အသုံးပြုလာကြသည်။ e-mail accounts, digital authorization system, digitizingများသုံး၍ အလုပ်ချိန်လျှော့ချလာကြသည်။ အဝေးဆက်သွယ်မှုကို မြန်နှုန်းမြင့် ဝန်ဆောင်မှုများပေးလာကြသည်။ အထက်တန်း၊ အလယ်တန်းမှသည် မူလတန်းအထိ အင်တာနက် အသုံးပြုသူများလာစေသည်။ အင်တာနက်အသုံးပြုသူ သန်းနှင့်ချီ၍ တိုးစေခဲ့သည်။ Online မှ ပြည်သူ့ဝန်ဆောင်မှုများကို ချဲ့ထွင်ခြင်းနှင့် စွမ်းအားမြှင့်ခြင်းများ လုပ်ကိုင်လာကြသည်။ Gigabites per second အထိ လုပ်ဆောင်နိုင်သော မြန်နှုန်းမြင့် သတင်းလုံခြုံမှု နည်းစနစ်များ အသုံး ပြုလာကြသည်။ DWDM (Dense Wavelength Division Multiplexing) နှင့် ATM (Asynchronous Transfer Mode) များ အသုံးပြု၍ မြန်နှုန်းမြင့် အဝေးဆက်သွယ်မှုစနစ်များအဖြစ် အားမြှင့်လာကြသည်။ မိုဘိုင်းဆက်သွယ်မှု အဆောက်အအုံ (Mobile Communication Infrastructure) အား မြန်နှုန်းမြင့်ရအောင် လုပ်ဆောင်လာကြသည်။ နောင်ဖြစ်လာမည့် လှိုင်းအား နည်းပညာ သုတေသနအား တိုးတက်အောင် လုပ်ဆောင်လာကြသည်။ ၎င်းတို့သည် အနာဂတ် ICT တည်ဆောက်ရာတွင် အခြေခံရမည့် ICT၏ အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။ ယနေ့ ICTခေတ်တွင် တိုးတက်သောနိုင်ငံများ၏ နည်းပညာများကို မျက်ခြည်ပြတ်ခံ၍ မရတော့ပါ။

နိုင်ငံခြားတွင် Soft ware နှင့် Hard wareပညာသင်ခဲ့သော လူငယ်အချို့ MICT တွင် ဖွင့်လှစ်ထားသည့် ကုမ္ပဏီရုံးခန်းများတွင် လာရောက်၍ ၎င်းတို့သင်ယူခဲ့သော ဘာသာရပ်များကို ဆင့်ပွားပို့ချနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ဆီမီးတစ်တိုင်မှ ဆီမီးတိုင်ပေါင်းများစွာ ထွန်းနိုင်ပါလိမ့်မည်။ နိုင်ငံတော်ကလည်း Information High Wayလမ်းများကို ဖောက်လျက်ရှိသည်။ အင်တာနက်သုံးသူများ Bottle Neck မဖြစ်ရအောင် Internet Access တိုးချဲ့လျက်ရှိသည်။ ၎င်းကလည်း ICT ကိုမှီ၍ လုပ်ကိုင်ရသောပြည်တွင်း ICT အသိပညာရှင်၊ အတတ်ပညာရှင်များအတွက် ဝမ်းသာစရာပင်ဖြစ်သည်။ MICT တွင် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ Seminarများသည် ICT ကို လိုလိုလားလားရှိသော၊ စိတ်ဝင်စားကြသော လူငယ်များအတွက် 'ပညာဗဟုသုတ' များ ရရှိစေပါသည်။

ယနေ့ မောင်ရင်ငြိမ်းတို့ရဲ့ ရှေ့ဆက်သွားရမည့်ခရီးမှာ 'ဘာလိုအပ်ပါသလဲ'လို့မေးရင် နိုင်ငံတော်အကြီးအကဲမိန့်ကြားခဲ့သည့် **'ဗဟုသုတတွေ၊ အတုမြင် အတတ်သင်မှုတွေ၊ ကိုယ်ပိုင်တီထွင်မှုတွေ'** လိုသည်ဟု ပြောရပါမည်။ အသိပညာ၊ အတတ်ပညာမရှိဘဲ IT ခေတ်ကို မသွားနိုင်ပါ။ လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတော်၏ အခြေခံအားဖြစ်ကြောင်း သဘောပေါက်ခဲ့ကြပြီးဖြစ်ပါသည်။

ICTခေတ်တွင် မြန်မာ့ကွန်ပျူတာပညာရှင်များအနေဖြင့် Myanmar Character Set စမ်းသပ်ရေးသားနေပြီမို့ အင်္ဂလိပ်စာမတတ်သူများပင် ကွန်ပျူတာကို အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။ အဝေးရောက် သားချင်းများထံ 'အီး-မေးလ်'များပို့နိုင်တော့မည်ဖြစ်ပါသည်။ ICT ၏ e-Society အရ ဖြစ်ထွန်းလာတော့မည့် မြန်မာလူငယ်မျိုးဆက်သစ်များကလည်း ICT ကို လိုက်လံ ပျူငှာစွာ ကြိုဆိုကြရင်း အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၉း၀၀-၁၇း၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀-၁၇း၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၈း၃၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၀း၀၀-၁၂း၀၀	–	ICT Product Presentation
၁၀း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	–	ICT Competitionsပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

မြန်မာအိုင်စီတီပြပွဲ ယာဉ်များ အခမဲ့ပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၂၀

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ ကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ MICT Park တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ICT ပြပွဲ ပြခန်းများ၊ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ICT Products Presentationများ၊ ICTပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံမှလည်းကောင်း၊ ပါရမီလမ်းနှင့် ပြည်လမ်းဆုံမှလည်းကောင်း ခရီးသည်တင်ယာဉ်များဖြင့် MICT Parkသို့ ခေါက်တုံ့ခေါက်ပြန် အခမဲ့သယ်ပို့ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီးများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကျွမ်းကျင်သူ ပညာရှင်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun **နှင့်** Shanghai Pudong New Area People's Government **၏ ဒုတိယအုပ်ချုပ်ရေးမှူး** Ms.Shang Yuyin **ဦးဆောင်သော ကျွမ်းကျင်သူပညာရှင်အဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စုံစုံညီညီ

☆ ညီလာခံ စုံညီတက်ကြဖို့
သတ်မှတ်ရက်ကြေညာပြီ။ ။

☆ ဒို့တိုင်းပြည် ဒို့အရေး
ဆွေးနွေးကြမည်။ ။

☆ ပွင့်လင်းလို့ လွတ်လပ်သည်
ပြည့်နိုင်ငံ ဓွန့်ရှည်ရေး။ ။

☆ သဘောရိုး အခြေခံလို့
ဝေဖန်ကာ အဆစ်အပိုင်းနဲ့
ခေတ်သမိုင်းကို ညီစွာရေးတဲ့ပွဲဟာမို့
(သားချင်းတို့ရေ) နွဲကြစို့လေး။ ။

မျိုးသာခင်

တရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာဓမ္မာရုံကြီးတွင် တရားပွဲအဖြစ် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်က ဇန်နဝါရီ ၂၂ ရက် (စနေနေ့) ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီးဦးသန်းအောင် ကျောက်ဆည်တက္ကသိုလ်စစ်ဆေး စဥ့်ကိုင်အထက နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်မှုကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်တက္ကသိုလ်သို့ရောက်ရှိပြီး ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်က ကျောက်ဆည်တက္ကသိုလ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဦးသန်းအောင်သည် စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာရေးဌာနနှင့် ပညာရေး စေတနာရှင်များ ပူးပေါင်းဆောက်လုပ်သော စာသင်ခန်း ရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်းတင်ပြသည်။

သင်ကြားပို့ချ

ကျောက်ဆည် တက္ကသိုလ်သည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင်တည်ရှိ၍ ၂၀၀၁ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်၊ စဥ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ လယ်ဝေး၊ ပျဉ်းမနားနှင့် တပ်ကုန်းမြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိရာ နေ့ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ ကျော်နှင့် အဝေးသင် ကျောင်းသား၊ ကျောင်းသူ ၁၃၀၀၀ ကျော် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၇၀၀၀ခန့် တက်ရောက် သင်ယူလျက်ရှိသည်။ ကျောက်ဆည်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒနှင့် အရှေ့တိုင်းပညာ၊ သိပ္ပံဘာသာရပ်များဖြစ်သည့် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒဘာသာရပ်ပေါင်း ၁၂ခုကိုသင်ကြားပို့ချပေးလျက်ရှိသည်။

ဖွင့်လှစ်ထားရှိ

ကျောက်ဆည် တက္ကသိုလ်တွင် ကွန်ပျူတာသင်ကြားမှု စာသင်ခန်း၊ Language Lab များ၊ e-Education Learning Centre များ၊ မာလ်တီမီဒီယာစာသင်ခန်းများ၊ သိပ္ပံဓာတ်ခွဲခန်းများ၊ အင်တာနက် အသုံးပြုနိုင်သည့် အထူးစာကြည့်တိုက်များ ပါရှိပြီး အထူးသဖြင့် ဘူမိဗေဒပြခန်းနှင့် ဒေသဆိုင်ရာ ရင်းမြစ်ပြခန်းများကို ဖွင့်လှစ်ထားရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု အထက်တန်းကျောင်း ကျောင်းသားဟောင်းများအာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ယခင်ပြည်ထောင်စု အထက်တန်းကျောင်း ရန်ကုန်မြို့၊ မရမ်းကုန်း ဂမိုင်မှ ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ၁ နာရီတွင်ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀ဗလမ်း၊ အမှတ်(၂၄/ဒီ)ရှိ ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၅၅၈၆၉၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့်ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၁၆၅၉၊ ဒေါက်တာအေးဖေ ဖုန်း-၆၄၂၁၅၅နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ ညွှန်ကြားရေးမှူးချုပ်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၀

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မကွေးတိုင်းမှ ညွှန်ကြားရေးမှူးနှင့် မကွေးခရိုင်၊ ပခုက္ကူခရိုင်တို့မှ လက်ထောက်ညွှန်ကြားရေးမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၇ရက်မှ ၁၉ရက်အထိ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဓီးဖြူ၊ ဆီနီဂေါ်ရှား၊ မန်ကျည်း၊ ကုက္ကို ရေဝေရေလဲ စိုက်ခင်းဧက ၂၀၀နှင့် ရေနံချောင်းမြို့နယ် ဖန်ခါးစမ်းဒေသ ကျေးရွာသုံးထင်း စိုက်ခင်းများ၊ ပခုက္ကူခရိုင် ရှင်မတောင်နှင့် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊မန္တလေးတိုင်း ညောင်ဦးခရိုင် မြေသင်းတွင်းကာကွယ်တောရှိ ၂၀၀၄ခုနှစ်စိုက်ခင်းများ၊ ကျောက်ဆည်ခရိုင် ရွှေသာလျောင်းတောင်နှင့် ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိဝန်ထမ်းများအား စိုက်ပျိုးပြီးစိုက်ခင်းများ ရှင်သန်အောင် အလေးထားဆောင်ရွက်ရေး မှာကြားသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မိဘ ဦးလှဦး-ဒေါ်ရွှေ(ပျဉ်းမနားရွှေချည်ရပ်)အား ရည်စူး၍ ဗိုလ်မှူးအောင်လင်းဦး-ဒေါ်ခင်ဆွေအေး၊ သား-ဗိုလ်လောင်းအောင်ကျော်စွာဦး၊ မောင်ဇော်ညီညီ၊ ထူးဝဏ္ဏဦးမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဇန်နဝါရီ ၇ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ဂုဏ်ပြုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ စစ်မှုထမ်းဟောင်းများနှင့် ပညာရည်ချွန်ဆုရ သားသမီးများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးမြသန်း(ငြိမ်း)က ချီးမြှင့်ငွေ ကျပ် ၉၄၅၀၀၀ ကို ပေးအပ်ရာ မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးလှမြင့် လက်ခံယူစဉ်။ (က-ပ)

✳ ကျောဖုံးမှ

အဆိုပါ စီမံကိန်းအား ဆက်လက် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ် မေလ ၇ရက်တွင် ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆက်လက် အကောင်အထည်ဖော်လျက်ရှိပါသည်။

ငမိုးရိပ်ရေလှောင်တမံအထက်တွင် ပေါင်းလင်းဆည်နှင့် မဟူရာဆည်တို့ တည်ဆောက်ပြီးစီးပြီဖြစ်ရာ ယခင်သတ်မှတ်ထားသည့် ရေဂါလန်သန်း ၉၀ အစား ဂါလန် ၁၃၅ သန်းခန့် ရယူသုံးစွဲနိုင်ရန် စီမံလျက်ရှိပါသည်။ မူလစီမံကိန်းဖြစ်သော ငမိုးရိပ်ရေလှောင်တမံမှ ပိုက်ဆက်သွယ်ခြင်းအစား အကွာအဝေး ၆ ဒသမ ၆ မိုင်ရှိသည့် ငမိုးရိပ်ပင်မရေမြောင်းမကြီးမှ အထယုရေတွန်းစက်ရုံ တည်ဆောက်မည့်နေရာသို့ ရေခေါ်တူးမြောင်း Open Channel စနစ်ဖြင့် ရေသွယ်ယူသန့်စင်၍ ရန်ကုန်မြို့တော်သို့ ရေဖြန့်ဝေနိုင်ရန်အတွက် စီမံကိန်းအဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းပထမအဆင့်အနေဖြင့် အထယုရေတွန်းစက်ရုံမှ အချင်း ၅၆ လက်မ ရေပိုက်လိုင်းဖြင့် တစ်နေ့လျှင် ရေဂါလန် ၄၅သန်းခန့် တွန်းပို့၍ လှော်ကားရေလှောင်ကန်သို့ ရေဂါလန်သန်း ၃၀ ဖြည့်တင်းမည်ဖြစ်သည်။ ကျန်ရှိသည့်ရေဂါလန် ၁၅သန်းအား မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်းမြို့နယ်များသို့ ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်သည်။ အထက်ပါ စီမံကိန်းသည် ယခုနှစ် မေလတွင် ပြီးစီးမည်ဖြစ်သည်။

ဒုတိယအဆင့် စီမံကိန်းအဖြစ် တစ်နေ့ ရေဂါလန် ၄၅သန်းကိုလည်း ထပ်မံဖြန့်ဖြူး ဆောင်ရွက်သွားမည်ဖြစ်သည်။ အထယုရေတွန်းစက်ရုံမှ မြောက်ဥက္ကလာပ သုခမ္မာနှင့် ခေမာသီလမ်းဆုံအထိ ၁၄ ဒသမ ၅ မိုင်အကွာအဝေးကို ၅၆ လက်မ ရေပိုက်လိုင်းအသစ် ထပ်မံသွယ်ယူမည်ဖြစ်သည်။ ၎င်းပိုက်မကြီးမှတစ်ဆင့် ၂၄ လက်မ အချင်းရှိ ပိုက်လိုင်းဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များသို့ ရေဖြန့်ဝေပေးသွားမည့်အပြင် သာကေတ၊ ဒေါပုံမြို့နယ်များကိုပါ ရေအားဖြည့်တင်းပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ မြောက်ဥက္ကလာပ သုခမ္မာနှင့် ခေမာသီလမ်းဆုံ ပင်မပိုက်လိုင်းကြီးမှပင် ၃၆ လက်မအချင်းရှိ ပိုက်လိုင်းနှစ်လိုင်း ထပ်မံသွယ်တန်း၍ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗဟန်း၊ တာမွေမြို့နယ်များသို့ ရေအားဖြည့်ဖြန့်ဖြူးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် အထက်ပါမြို့နယ်များသို့ ဂျိုးဖြူပိုက်မှ ရေပေးဝေရန် မလိုတော့သဖြင့် စမ်းချောင်း၊ အလုံ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များသို့ ရေပိုမိုဖြည့်တင်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

တတိယအဆင့် စီမံကိန်းအဖြစ် အထယုရေတွန်းစက်ရုံမှ လှော်ကားကန်အထိ ၈ ဒသမ ၅ မိုင်အား အချင်း ၅၆ လက်မရှိ ရေပိုက်လိုင်းသစ်တစ်လိုင်း ထပ်မံသွယ်တန်း၍ နေ့စဉ် ရေဂါလန် ၄၅ သန်း တိုက်ရိုက်ပေးပို့သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လှော်ကားရေလှောင်ကန်တွင် ရေတွန်းစက်ရုံတစ်ရုံ ထပ်မံတည်ဆောက်၍ ရေပိုက်လိုင်း ဆက်သွယ်ဖြန့်ဖြူးနိုင်ခြင်း မရှိသေးသည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်မြို့နယ်များသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည့်အပြင် လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်များသို့ပါ ရေအား ပိုမိုဖြည့်တင်း ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများအတွက် ရေလုံလောက်ရမည်၊ ပေးဝေနေသည့် ရေများ ကြည်လင်ရမည်၊ ရောဂါပိုးမွှား ကင်းစင်ရမည်ဟူသည့် ရည်မှန်းချက် သုံးရပ်နှင့်အညီ ငမိုးရိပ်ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရာတွင် အဆင့်တစ်ဆင့်လျှင် သာမန်အားဖြင့် တစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေခြင်းဖြစ်သည်။

ငမိုးရိပ်ပင်မရေသွယ်မြောင်းကြီးမှ သွယ်ယူသောရေကို ပထမအဆင့် အနည်ထိုင်ကန်သို့ ပို့၍ အနည်ထိုင်အောင် ဆောင်ရွက်မည်။ ဒုတိယအဆင့် ကျောက်ချဉ်ခတ်ပြီး အနည်များ စုဝေးသွားရန်နှင့် အနည်များ ခွဲထုတ်ရန် ဆောင်ရွက်မည်ဖြစ်သည်။ တတိယအဆင့်အနေဖြင့် အနည်မရှိသည့် ရေကို ကြည်လင်ရန် သဲစစ်ကန်ကို ဖြတ်သန်းစေပြီး ရေကိုကြည်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကြည်လင်သွားသည့် ရေအချို့တွင်ရှိသည့် ပိုးမွှားတချို့တစ်ဝက်သည် ရေစစ်လိုက်သည့်အတွက် သဲစစ်ကန်၌ကျန်ခဲ့ပြီး သဲစစ်ကန်မှဖြတ်သန်းလာသည့် ရေကို ရေတွန်းစက်ဖြင့်တွန်း၍ မဖြန့်ဖြူးမီ ကလိုရင်းခတ်ကာ ပိုးသတ်ပြီးမှ ပြည်သူများ သောက်သုံးရန် ဖြန့်ဝေသွားမည်ဖြစ်သည်။

ငမိုးရိပ်ရေပေးဝေရေးစခန်းမှ ပို့လွှတ်သော ပိုးသတ်ပြီး ကြည်လင်သန့်ရှင်းသည့်ရေများကဲ့သို့ပင် လှော်ကားကန်တွင်လည်း ကလိုရင်းခတ်မည့် စက်တပ်ဆင်ပြီး လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီးရှိ ရေများကို ကလိုရင်းဓာတ်ငွေ့ခတ်ကာ သက်ဆိုင်ရာမြို့နယ်များသို့ ပို့လွှတ်မည်ဖြစ်သည်။

ငမိုးရိပ်ပင်မရေသွယ်မြောင်းမကြီးမှ အထယု ကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဝင်းအရောက် ၆ ဒသမ ၆ မိုင်အကွာအဝေးကို ရေခေါ်တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူရာတွင် ငမိုးရိပ်ချောင်း၊ အထယုချောင်းနှင့် လက်ယာဘက် လက်တံမြောင်းများကို ဖြတ်သန်းရသည်။ ဖြတ်သန်းရာနေရာများတွင် ရေငုပ်ပြွန်တည်ဆောက်ရခြင်းနှင့် တံတားကြီးတစ်စင်း တည်ဆောက်ရခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ဝင်း၌ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်၊ သဲစစ်ကန်၊ ရေစုကန်၊ ရေတွန်းစက်ရုံနှင့် ကလိုရင်းဆေးခတ်စက်ရုံတို့ တည်ဆောက်မည်ဖြစ်သည်။ အနည်ထိုင်ကန်နှင့် ရေစစ်ကန်များကို အစဉ်တည်တံ့ခိုင်မြဲနိုင်ရန်အတွက် ပိုင်များရိုက်၍တည်ဆောက်နေခြင်းဖြစ်သည်။

ထို့အပြင် လျှပ်စစ်ဓာတ်အား ရရှိစေရန် 33KV ကောင်းကင်ဓာတ်အားလိုင်း ၁၁မိုင်သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ရေတွန်းစက်များတပ်ဆင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) စီမံကိန်းတစ်ခုလုံးအတွက် ငွေကျပ်သိန်းပေါင်း လေးသောင်းကျော် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများသို့ ကြည်လင်သန့်ရှင်း ပိုးမွှားကင်းစင်သော ရေကောင်းရေသန့်များ ဖြန့်ဝေပေးနိုင်ရန်အတွက် ငွေကျပ် သိန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ လှော်ကား၊ ဂျိုးဖြူနှင့်ဖူးကြီးရေလှောင်ကန်သုံးကန်မှ တစ်နေ့ ရေဂါလန် ၈၅ သန်းသာ ဖြန့်ဝေပေးနိုင်သော်လည်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ပြီးစီးပါက ယင်းစီမံကိန်း တစ်ခုတည်းမှပင် တစ်နေ့လျှင် ရေဂါလန် ၁၃၅သန်း ဖြန့်ဝေပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ငမိုးရိပ်ပင်မရေမြောင်းကြီးမှ အထယုရေတွန်းစက်ရုံ တည်ဆောက်မည့်နေရာအရောက် ရေခေါ်တူးမြောင်း (Open Channel) စနစ်ဖြင့် ရေသွယ်မြောင်းကြီး တူးဖော်စဉ်။

ဓာတ်ပုံ-သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

● (၁၂)ကြိမ်မြောက်မှ

သုတေသနစာပေဆုတွင် မစိမ်းစိမ်း(ဂရင်း)ရေးသားသည့် "စိမ်းသည့်မြေ" စာမူက ပထမ၊ တက္ကသိုလ် ကိုလတ် ရေးသားသည့် "ပြည်ပဈေးကွက်ဝင် မြန်မာ့ပင်လယ်ငါး" စာမူက ဒုတိယ၊ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ရေးသားသည့် "ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီခေတ် ယဉ်ကျေးမှု" စာမူက တတိယဆုများ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၄ခုနှစ် "တစ်သက်တာစာပေဆု" အတွက် စာရေးဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း) နှင့် စာရေးဆရာမကြီး ဒေါ်ကြန် (မကြန်) တို့အား ရွေးချယ်လိုက်သည်။

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ထပ်မံကြေညာမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ နယ်မှ စာရေးဆရာများ ဖေဖော်ဝါရီ ၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်ရန် ဖြစ်သည်။

ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၂၅၂၅၆၀၊ ၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

ပြင်ဆင်မွမ်းမံ

ဇန်နဝါရီ ၂၀ ရက်က ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိတပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများကို ပြင်ဆင်မွမ်းမံနေစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

လွတ်လပ်ရေး၏အရသာအကြောင်း ဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ဟောပြောပွဲကို ယနေ့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ ကမာရွတ်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ သီဟိမြိုင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရွှေမြက အမှာစကားပြောကြားပြီး အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက "လွတ်လပ်ရေး၏အရသာ" အကြောင်းကို ဟောပြောသည်။ (အပေါ်ပုံ)

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စည်းရုံးရေးဌာနမှ အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၃၀၀ကျော် တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ် (၁၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃) အမှတ်(၁၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည့်သတင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းပွဲ တက်ရောက်သည့်သတင်း၊ သိန်းစိန်(အမျိုးသားစာပေ၊ ၁၉၆၅ခုနှစ်)၊ တက္ကသိုလ်မြတ်သူ၊ မောင်မောင်အုန်း (လယ်ဝေး)၊ မောင်ကွန်ပျူတာ၊ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ မောင်ဟန်ဝင်း(ထန်းတပင်)၊ တက္ကသိုလ်ကိုကိုလတ်၊ တက္ကသိုလ်သန်၊ မေချယ်ရီလွင်၊ ကြည်လင်း(ဆေး)၊ ဦးတင်ရှိန်၊ H.Kတို့၏ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ မကွေးဖန်ခါး(ထွေ/အုပ်)၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရဲစခန်းအဆောက်အအုံများစစ်ဆေး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ဦးစီးအရာရှိများ လိုက်ပါ၍ ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်ရှိ လမ်းမတော်ရဲစခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသော Naing Group ဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ဆောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အချိန်မီပြီးစီးရန်နှင့် ရဲစခန်းနှင့်ညီညွတ်သည့် အဆောက်အအုံကောင်းဖြစ်ရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် SHINE ဆောက်လုပ်ရေးနှင့် အကျိုးတူ ဆောက်လုပ်လျက်ရှိသော ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း ရဲရိပ်သာဆောက်လုပ်နေမှု၊ ယုဇန ဆောက်လုပ်ရေးနှင့် အကျိုးတူ ဆောက်လုပ်လျက်ရှိသော ၃၈လမ်း ရဲရိပ်သာ ဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးရာ SHINEဆောက်လုပ်ရေးမှ အင်ဂျင်နီယာချုပ် ဦးစံထွန်းနှင့် ယုဇန ဆောက်လုပ်ရေးမှ ဒါရိုက်တာ ဒေါ်မြတ်မြတ်မွန်တို့က ဆောက်လုပ်မှု အနေအထားများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ရဲရိပ်သာ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တော်ဝင်ဆောက်လုပ်ရေးမှ ဆောက်လုပ်ရေးတာဝန်ခံ ဦးအောင်နိုင်က ဆောက်လုပ်ပြီးစီးမှု အနေအထားကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်မြို့နယ် ဘူတာရုံလမ်း၌ရှိသော လှိုင်ရဲရိပ်သာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၉ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ဗိုလ်မှူးကြီး ဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ဦးစီးအရာရှိများ လိုက်ပါ၍ ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရဲရိပ်သာရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတပ်ဖွဲ့သို့လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ အမှတ်(၉) ရဲတပ်ရင်းသို့လည်းကောင်း သွားရောက်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုများနှင့် ဗဟိုကင်း၊ တပ်ရင်း၊ တပ်ဖွဲ့ရုံးများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များ လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ ရိုးသား၊ ကြိုးစားပြီး ရဲဘော်ရဲဘက်စိတ်ရှိရန်၊ ပြည်သူလူထု၏ ယုံကြည်မှု၊ လေးစားမှု၊ အားကိုးမှုများရရှိသော ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်များဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်ရှိ လမ်းမတော်ရဲစခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

၂၀၀၄ခုနှစ် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သည် စာပေဖြင့် ဘဝအမြင် ရှင်သန်တိုးတက်အောင်မြင်ရေးဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့သောအားဖြင့် စာကြည့်တိုက်သို့ရောက်ရှိသော ပြီးခဲ့သည့် တစ်နှစ်အတွင်း နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များမှ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာကြည့်တိုက်က စာဖတ်သူများ သတိမူဖတ်ရှုဖြစ်ရန် ဂုဏ်ပြုအားပေးသောအားဖြင့် "စာကြည့်တိုက်စာအုပ်ဆု"ကို ၂၀၀၁ခုနှစ်အတွက်ကစ၍ တီထွင်ချီးမြှင့်ခဲ့သည်။

ထုတ်ပြန်ကြေညာ

ယခု ၂၀၀၄ခုနှစ်အတွက် ရွေးချယ်ခံရသည့် "ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု"များကို စာကြည့်တိုက်ကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်သို့ ရောက်ရှိသည့် ၂၀၀၄ခုနှစ်ထုတ် စာအုပ်များအနက် ရွေးချယ်ချီးမြှင့် ခံရသော စာအုပ်များမှာ စာရေးဆရာ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)ရေးသားပြီး စန်းရောင်ရှိန်စာပေတိုက်က ထုတ်ဝေသည့် "ဇရာဝတီမှ မြသီတာနှင့် အခြားဆောင်းပါးများ"၊ စာရေးဆရာမ ယုဝတီခင်ဦးရေးသားပြီး ဝါမိုးအောင်စာပေကထုတ်ဝေသည့် "ရွှေနိုင်ငံ၏ အလှသစ္စာများ"နှင့် စာရေးဆရာ ယုဝတီခင်စိန်လှိုင်ရေးသားပြီး စေတနာစာပေက ထုတ်ဝေသည့် "အကြင်နာမဟာတံတိုင်း"စာအုပ်တို့ ဖြစ်ကြသည်။

ယင်းဆုများကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်အခမ်းအနား၌ တပေါင်းတည်း ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဥပဒေရုံး အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရှေ့နေချုပ်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်တိုင်းဥပဒေရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့် ဒုတိယတိုင်းဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။ ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဥပဒေအရာရှိ ဦးကျော်မိုးနိုင်က ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်တို့၏ မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်း ဆွေးနွေးပြီး လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ကြရန်နှင့် (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့အပြင် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များကိုလည်း တိုင်းဥပဒေအရာရှိက ရှင်းလင်း ဆွေးနွေးသည်။ (က-ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို တန့်ယန်းမြို့နယ် ဝိန်းလောင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၆)ရပ်ကွက် ဝိန်းလောင်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင်ကျင်းပရာ စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဝိန်းလောင်း ကတ္တရာလမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်နှင့် အမှတ်(၆)ရပ်ကွက် ပြည်သူများကိုယ်စား ဦးခွန်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျားပေ ၁၇၂၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေ ကျပ် ၂၁၉၇၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၂၀၀၀၀၀၀၊ စုစုပေါင်းငွေကျပ် ၄၁၉၇၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့သည်။ (နယ်စပ်စည်ပင်)

ပေါင်းတည်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ပေါင်းတည်အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အသင်းဝင်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အလုံမြို့နယ် အလုံလမ်း ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်တွင် အသက်(၇၄)နှစ်ပြည့်ပြီး အသင်းဝင်များ၊ ပညာရည်ချွန်ဆုရရှိသော သား၊ သမီးများ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ ဦးသန်းမြင့်(ဥက္ကဋ္ဌ) ဖုန်း-၂၂၀၆၂၁၊ ဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၃၇၆၇၄၂၊ ဦးမောင်မောင်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၀-၁၃၁၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၅ ၇။ နဂါးရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၄၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၅၅ ၉။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) [ဒါရိုက်တာ-မိုးထက်လူ (သစ်တော)]**
- ၆:၁၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၂၀ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း (အပိုင်း-၄၈) (ဇာတ်သိမ်းပိုင်း)**
- ၇:၃၀ ၁၅။ ဒီမိုကရေစီခေတ်ပြောင်း တော်လှန်ရေးရဲ့ အဖျက်အန္တရာယ်
- ၇:၄၅ ၁၆။ မြန်မာ ICT Week ဂုဏ်ပြုအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်မလေးရဲ့ဖူးစာရှင်" (အပိုင်း-၂) (လွင်မိုး၊ နေအောင်၊ နန္ဒာလှိုင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရွှေရတု နှစ် (၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေရတု နှစ် (၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့်သရေပွဲ ဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ ထွန်းထွန်းနောင်က ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင်(ဃ)အုပ်စုမှ မကွေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို မကွေးတိုင်းမှ မင်းကိုကိုက ရရှိသွားသည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကမ္ဘာငြိမ်းမြစိမ်းတောင်ညို သာသနာပြုဆရာတော်ကြီး၏ ခြောက်နှစ်ပြည့် ပူဇော်ပွဲအဖြစ် ၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်၊ ၁၃ ရက် ညများတွင် နိုင်ငံကျော် ဓမ္မကထိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ အရှင် ဒီပဘဒ္ဒန္တ ဇဋိလက နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ပြီး ပြာသိုလဆန်း ၁၃ ရက် နံနက် ၈ နာရီတွင် ဆရာတော်ကြီး၏ တပည့်၊ သံဃာတော်၊ ဒါယကာ၊ ဒါယိကာမများနှင့် ဂေါပကအဖွဲ့ဝင်များက ခြောက်နှစ်ပြည့် ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အေးမြချမ်းသာဆရာတော် ဝိဇာတ မွေးနေ့အလှူ ဓမ္မပူဇာတရားပွဲနှင့် အထူးတရားစခန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး၊ ဗိုလ်ခန့်လမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်ရိပ်သာကျောင်းတိုက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သိရိဓမ္မ (ဘီအေပါဠိဂုဏ်ထူး)၏ ဝိဇာတမွေးနေ့အလှူ ဓမ္မပူဇာတရားပွဲ၊ တရားစခန်းပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ (မကွေးဆရာတော်ကြီး) တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘဒ္ဒန္တ သုန္ဒရ (စွန်းလွန်း)၊ ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၊ မေတ္တာအေးအရှင်သုဇာတ၊ မဟာစည်နယ်လှည့်အရှင် ဉာဏိဿရနှင့် အရှင်သုန္ဒရ (ညောင်ကန်အေး)၊ မဟာစည် နာယက ဘဒ္ဒန္တ ကုမာရ၊ မုဒ္ဒံ အရှင်ကုသလ၊ အေးမြချမ်းသာ ဆရာတော်တို့က ည ၇ နာရီမှ ၉ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိ တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီ ၁၀၀ စရိတ်ငြိမ်း၊ ဒုလ္လဘရဟန်း ၃၀၊ ဒုလ္လဘသီလရှင် ၂၀ တို့အား သင်္ကန်းပရိက္ခရာ၊ ဝတ်စုံများ လှူဒါန်းမည်ဖြစ်သည်။

အလှူရှင်များသည် နံနက်ဆွမ်း ကျပ် ၃၀၀၀၀၊ နေ့ဆွမ်းကျပ် ၅၀၀၀၀ လှူဒါန်းနိုင်သည်။ တပို့တွဲလပြည့်နေ့တွင် သံဃာအပါး ၃၀၀ သံဃဒါန ဆွမ်းလောင်းလှူမည်ဖြစ်၍ တရားစခန်းဝင် ယောဂီများ၊ အလှူရှင်များ ကြိုတင်စာရင်းသွင်းနိုင်ရန် ရိပ်သာဖုန်း-၅၈၁၀၄၂ သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့်ဆိုင်သည့် — နယ်စပ်စည်ပင် ဗဟိုလေ့ကျင့်ရေးကျောင်း အင်ဂျင်နီယာနှင့် စာရေးဝန်ထမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းသည် ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ် (၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ကျင်းပသော အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ် (၈)၊ စာရေးသင်တန်းဝန်ထမ်း အမှတ်စဉ်(၃၄)သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

အခြေခံအင်ဂျင်နီယာ သင်တန်း အမှတ်စဉ် (၈)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၁ ဦး၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၃၄)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၅၇ ဦး စုစုပေါင်း သင်တန်းသား ၈၈ ဦး တက်ရောက်အောင်မြင်သည်။ (သတင်းစဉ်)

ပထမအကြိမ် အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၀

Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ ကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးသည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ် (၁၀)၌ နေရာယူကြပြီး ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေး၊ MGFတွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးနှင့် Air Bagan Ltd. ဒါရိုက်တာ ဦးမင်းသိန်းတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfersပြိုင်ပွဲ၌ အောင်ဇော်မိုး (Wilson)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon)၊ အေးလွင် (Wilson)နှင့် လှမျိုး (K.M Golf Centre) တို့က ၇၃ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်၍ ၇၁ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိပြီး ဇော်ဇင်ဝင်းက ၇၂ ချက်ဖြင့် ဒုတိယလိုက်နေသည်။

အဆိုပါ ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက် အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကိုသတ်မှတ်ထားပြီး ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ်ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အထက(၁) မရမ်းကုန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အထက(၁) မရမ်းကုန်း (ယခင်သမိုင်းမြို့မ အထကကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲ အခမ်းအနားကို အထက (၁) မရမ်းကုန်း စန္ဒိမာခန်းမတွင် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပရန် စီစဉ်ထားသည်။

အသက် (၆၀) ပြည့်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် ဆရာကြီး ဦးမြင့်ဆွေ ဖုန်း-၆၆၃၆၀၆၊ ဒေါ်ခင်လှ ဖုန်း-၆၆၇၄၄၃၊ ဦးမြတ်စိုး(လှိုင်)ဖုန်း-၅၀၀၄၄၃၊ ဦးကျင်စိုး ဖုန်း- ၆၆၂၀၂၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉၊ ဒေါက်တာ အောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဦးမောင်မောင်သိန်း ဖုန်း-၆၉၀၁၃၅၊ ဦးတင်မြင့် ဖုန်း-၆၆၁၈၉၂နှင့် ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (အလက-၂) (အထက-၂)ကျောင်းခွဲကျောင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပရာ ဘက်စုံပညာ ထူးချွန်ပထမဆုရ ပဥ္စမတန်းမှ မအိမွန်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်စန်း ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန် ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The Nature Of Jurisprudence -(ဒုတိယနှစ်-ဥပဒေပညာအထူးပြု)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်" (အပိုင်း-၁၆) ကာတွန်းဇာတ်လမ်း**
၆း၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း-၄)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၁၄)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် ရေထွက်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ အဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရေလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ရေထွက်ပစ္စည်းပို့ကုန် တိုးမြှင့်ရေးတို့ကို ရည်ရွယ်လျက် အဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိက ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ပြခန်းပေါင်း ၃၄ခန်းပါဝင်သော ရေထွက်ကုန်ပစ္စည်းပြပွဲကို ဇန်နဝါရီ ၂၄ရက်မှ ၂၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့လေ့လာ အားပေးနိုင်သည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာ လစဉ် ၁၀ရက်စခန်း

ရန်ကုန် ဇန်နဝါရီ ၂၀

ပုဇွန်တောင်မြို့နယ် မဟာဈောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၂၁ရက်မှ ၃၀ရက်ထိ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။(က-ပ)

ပန်းပျိုးလက်ပန်းချီပြပွဲ ရက်တိုးပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဇန်နဝါရီ ၁၄ရက်မှ စတင်ဖွင့်လှစ်ပြသလျက်ရှိသော ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပန်းချီပညာဌာန ဆရာ၊ ဆရာမများ၏ ပန်းပျိုးလက်ပန်းချီပြပွဲကို ဇန်နဝါရီ ၂၁ရက် (ဘက္ကရီးအီးဒ်နေ့)တွင် မပိတ်ဘဲဖွင့်လှစ်ပြသထားမည့်အပြင် ဇန်နဝါရီ ၂၃ရက်(တနင်္ဂနွေနေ့) အထိ ရက်တိုးပြသထားမည် ဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၀ ရက်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သံဃာတော်များအား မင်္ဂလာဦးဆွမ်းဆက်ကပ်လှူဒါန်းရန် ဆွမ်းအလှူငွေကျပ် ၃၅၀၀၀၀ကို အလှူရှင် မောင်မင်းညီအေးနှင့် မဇင်မြင့်မောင်တို့က သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သာသနာရေး)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊အမှတ်(၂)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၂၀



စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် မောင်ဆုရှင်၊ သျှင်ပညာဇောတ၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ဇေယျာအောင်၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ မွေးနံ့သာ(မဟာသိပ္ပံ)၊ အောင်ကျော်ဖြိုး၊ ခတ်ပုံခင်ဇော်၊ မစည်သူ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ နန်းအေးအေးရှိန်(သရုပ်ပြ)၊ စောလှနွယ်(မကွေး)၊ မောင်မောင်သိန်း၊ သက်သက်သင်း(ပညာရေး)၊ ကြည်လင်း(ဆေး)တို့၏ ဖတ်ဖွယ်၊ မှတ်ဖွယ်ဆောင်းပါးများ၊ ပန်းတနော်နောင်လတ်၏ ကဗျာ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ ဗေဒင်၊ စိုက်ပျိုးရေး မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် တိုက်ဟောင်း(၂)၊ အခန်း ၁၄၊ စံပြ ဖဆပလရပ်ကွက် မင်္ဂလာတောင်ညွန့်နေ ဦးမင်းအောင်အားရည်စူး၍ ဇနီး ဒေါ်တင်တင်ပြုံး၊ (သား)ကိုခင်မောင်ဦး၊ ကိုဇော်အောင်တို့က ငွေကျပ် တစ်သိန်းကို ဦးဌေးမြင့် (ဘဏ္ဍာရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၅၃၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မအူပင်မြို့နယ် ကျွဲဒုံးကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတရိပ်မြုံစာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ အလှူငွေပေးအပ်ပွဲနှင့်ဟောပြောပွဲကို ဇန်နဝါရီ ၉ရက်က ကျွဲဒုံးကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးအောင်စိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၅၉)

မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အင်းစိန်မြို့ မင်းဓမ္မကုန်းတောင်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ခြင်းအလှခတ်ပွဲကျင်းပရေးကော်မတီကကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ရက်မှ ၂၂ရက်အထိ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများ ကျင်းပမည်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်များ ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထားပြီး ဦးစိန်လှိုင် ဥက္ကဋ္ဌ ခြင်းအလှခတ်ပွဲကျင်းပရေးကော်မတီ ဖုန်း-၀၁-၆၄၀၁၀၂၉(အိမ်)၊ ၀၁-၆၅၃၂၈၇ (ရုံး)၊ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး လောကချမ်းသာခြင်းရုံ မင်းဓမ္မလမ်းနှင့် မဟာသုခိတာလမ်းထောင့် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်တို့ထံဆက်သွယ်စာရင်းပေးနိုင်ကြောင်း ခြင်းအလှခတ်ပွဲ ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (၆၁)

ရွှေနေချုပ်ဆု ပဲခူးတိုင်း၌ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၀

ရွှေနေချုပ်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ပဲခူးတိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းတည့် ၁၂နာရီတွင် ကျင်းပရာ ရှေ့နေချုပ်ကိုယ်စား ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်က ဝေါမြို့နယ်ဥပဒေအရာရှိ ဦးကျော်တင့်အား ရှေ့နေချုပ်ဆု (တတိယဆင့်)ကိုလည်းကောင်း၊ ပညာရည်ထူးချွန်သူ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများအား ပဲခူးတိုင်း ဥပဒေအရာရှိက တိုင်းအတွင်းရှိ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းသည်။ (က-ပ)

ရန်ကုန်မြို့ သုဝဏ္ဏ (၂၉)ရပ်ကွက် ကမာကြည်လမ်း ဆောက်လုပ်ရေးအဖွဲ့(၄) ရုံးဝင်းအတွင်းနေ ကွယ်လွန်သူ ဒေါ်ကြွေ၊ ဒေါ်မြရင်၊ ဒေါ်အေးကြူ၊ ဦးဆန်း၊ ဒေါ်ညွန့်တို့ကိုရည်စူး၍ ဦးခင်ဦး၊ ဒေါ်ခင်ချောချော (သား)မောင်ဟိန်းသော်ဇင်၊ မောင်အောင်ဖုန်းမြတ်မိသားစုတို့က သုံးထပ်ဘိုး ဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ဇန်နဝါရီ ၁၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၀

တာချီလိတ်မူးယစ်အထူးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာနနှင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် တာချီလိတ်မြို့ ရိဂျီနာဟိုတယ် အခန်းအမှတ် (၁၂၇)သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ အိုက်ကျိုင်း(ခ)ဇော်မျိုးအောင်အား တွေ့ရှိရပြီး ၎င်းထံမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါဆက်ရွာနေ ဦးလုံးတ၏သား အသက် (၂၆)နှစ်ရှိ အိုက်ကျိုင်း(ခ)ဇော်မျိုးအောင်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၉၀/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉(က)အရအမှုဖွင့်အရေးယူထားသည်။(သတင်းစဉ်)



မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ရွှေအလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ပင်းယခေတ် အမတ်ကြီးဦးပုည တည်ထား၍ ပင်းယတစ်စီးရှင် သီဟသူမင်းတရားကြီး ရွှေထီးတော်တင်လှူခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးကို သီတဂူဆရာတော်အမှူးပြုသော ဩဝါဒါစရိယအဖွဲ့၊ ဂေါပကအဖွဲ့နှင့်အလှူရှင်များက ပြင်ဆင်မွမ်းမံကြရာ စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးအသစ်တင်လှူခြင်း၊ ရွှေသားငှက်မြတ်နားတော်နှင့် နဝရတ်ကိုးသွယ်စီခြယ်သည့် စိန်ဖူးတော်အသစ်တင်လှူခြင်း၊ စေတီတော်ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တို့ကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ဇန်နဝါရီ ၁၈ရက်က ပုညရှင်စေတီတော်ရင်ပြင် ဂေါပကအဖွဲ့ရုံးခန်း၌ ဒုတိယအကြိမ် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သီတဂူဆရာတော် အရှင်မဟောသဓပဏ္ဍိတ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် ဂေါပကအဖွဲ့ဝင်လူကြီးများ၊ အလှူရှင်များတက်ရောက်ကြသည်။

အလှူတော်ငွေပေးအပ်ပွဲတွင် ရွှေသင်္ကန်းအလှူရှင် ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစု ရန်ကုန်မြို့၊ ဦးမျိုးညွန့်–ဒေါ်ရီရီရွှေ၊ သမီး ဖွန်ပွင့်၊ ဖူးပွင့်၊ စန္ဒကူး မိသားစု ဗဟန်း ရန်ကုန်မြို့နှင့် ကိုမြင့်သိန်းဦး–မဇာခြည်လင်းမိသားစု စစ်ကိုင်းမြို့တို့က ငွေကျပ်သိန်း ၁၀၀စီ လှူဒါန်းကြသည်။

ပုညရှင်စေတီတော်မြတ်ကြီး၏အရံစေတီတော်လေးဆူ ထီးတော်အသစ်တင်လှူခြင်းနှင့် ရွှေသင်္ကန်းကပ်လှူခြင်းအတွက် မန္တလေးမြို့ (၈၄)လမ်း ပြည်တော်ပုံနှိပ်တိုက် ဦးဘမြင့်–ဒေါ်ညိုညို သားသမီးတစ်စု၊ မန္တလေးမြို့ (၈၅)လမ်း၊ ဦးခင်မောင်–ဒေါ်ထူး ရွှေမြင်းပဲခွဲစက် သားသမီးတစ်စု၊ မန္တလေးမြို့၊ ၇၄လမ်း၊ ပြည့်စုံဆီစက် ဦးမြင့်မောင်–ဒေါ်ချိုချိုညွန့်မိသားစု၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း ဦးကျော်ရွှေ–ဒေါ်အေးအေးမိသားစု၊ အလှူရှင်လေးဦးတို့က ကျပ်ဆယ်သိန်းစီ အသီးသီး လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်ပေါင်း ၃၇ဦးတို့က ရွှေချိန်သုံးကျပ်သားရှိ ရွှေခေါင်းလောင်း တစ်လုံး၊ ရွှေချိန်နှစ်ကျပ်သားရှိ ရွှေခေါင်းလောင်း ၁၉လုံးနှင့် ရွှေချိန်တစ်ကျပ်ခွဲသားရှိ ရွှေခေါင်းလောင်း အလုံး ၂၀တို့ကို အသီးသီးလှူဒါန်းကြသည်။

ထို့အပြင် ဘုရားကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် စစ်ကိုင်းတောင်ရိုး ထိန်ငူချောင်ကျောင်းအမ ဒေါ်ကျင်ဌေးနှင့် ချောင်ဆရာ ဒေါ်ဝဏ္ဏာတို့က ငွေကျပ်ငါးသိန်းအပါအဝင် အလှူရှင် ၂၅ဦးတို့က ရွှေသင်္ကန်းတော်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ကျော် လှူဒါန်းကြသည်။

အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတိုက်ပြည့်တို့က လက်ခံရယူပြီး သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။ (သတင်းစဉ်)

မိတ္ထီလာ အထက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

၁၉၅၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၀ ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂)ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးစောဌေး ဖုန်း–၀၆၄ ၂၁၃၈၄၊ ၂၁၀၇၀၊ ၂၁၉၇၉၊ ဦးဝါလား ဖုန်း–၀၆၄ ၂၀၄၀၄၊ ဦးစုမြိုင်–ဒေါ်ယဉ်ယဉ် ဖုန်း–၀၁ ၅၈၄၇၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

အမှတ် ၁၈(စီ) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ မိခင်ကြီးဒေါ်စိန်မြ၏ (၈၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗီဇိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးငွေပဒေသာပင်အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

ဝိဇာတမွေးနေ့မင်္ဂလာသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာဆေးဝင်္ကပါကျောင်းတိုက် သာသနာပြုဆရာတော် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တအဂ္ဂဓမ္မ၏ (၆၄)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာသဘင်နှင့် (၁၄၃၆) ကြိမ်မြောက် သိက္ခာထပ်ပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ပြာသို လဆန်း ၉ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် ဦးထွန်းထွန်း–ဒေါ်အေးအေးကျော် မိသားစု တာမွေမြို့နယ်ကသိမ်ဆင်း လောင်းလှူကြသည်။ (က–ပ)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက်(ဗုဒ္ဓဂယာ) သတ္တဋ္ဌာန ဗုဒ္ဓ ခုနှစ်ဆူ ရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ဗုဒ္ဓ ခုနှစ်ဆူ ရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် (၃၄)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၈နာရီတွင်ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိလာသအရှင်သူမြတ်က ပဋ္ဌာန်းတရားတော်များ ချီးမြှင့်တော်မူစဉ်။ (၅၀၆)

မဟာဗျူဟာအသင်းချုပ် ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မဟာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးကိုးပါး၏ ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၂၄ရက်(ပြာသိုလပြည့်နေ့) နံနက် ၉နာရီ၌ အသင်းချုပ်ဓမ္မသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်အားလုံး မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (၂၃)

လှော်ကားဥယျာဉ် ဘက္ကရီးအီးဒ်နေ့ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ဥယျာဉ်ပိတ်ပြီး နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ဇန်နဝါရီ ၂၁ရက် သောကြာနေ့ (ဘက္ကရီးအီးဒ်နေ့)တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး ဇာတ်ကား ဆက်လက်အောင်ပွဲခံ

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုသောကြာပတ်တွင် ထားဝယ်ရုပ်ရှင်မှ ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်ရိုက်ကူး၍ ကျော်ရဲအောင်၊ ဒွေး၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့ သရုပ်ဆောင်ထားကြသည့် **အချစ်ရဲ့နယ်စပ်၊ အမုန်းရဲ့မြို့ရိုး** ဇာတ်ကား သမ္မတနှင့် သွင်ရုံများ၌ ဆက်လက်အောင်ပွဲခံ ပြသနေသည်။ အချစ်နှင့် အမုန်းတရား၊ မေတ္တာတရားနှင့် သစ္စာတရားတို့၏ တည်ငြိမ်နက်နဲမှုကို ဖော်ကျူးတင်ပြထားသည်။

ဆက်လက်၍ ရှေ့ဆောင်ရုံတွင် မေတ္တာရောင်ပြန် ရုပ်ရှင်အတွက် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူး၍ ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ပါဝင်သော **နေကမွေးတဲ့လ** မေတ္တာဘွဲ့ ဇာတ်ကား တစ်ကျော့ပြန် ရုံတင်ပြသနေသည်။ ထိုဇာတ်ကားသည် ကျော်ဟိန်း ၂၀၀၃ ခုနှစ် အကောင်းဆုံး ဇာတ်ဆောင်ဆု အကယ်ဒမီဆွတ်ခူးခဲ့သည်။ မင်္ဂလာရုံတွင် Die Another Day ဂျိမ်းဘွန်း ဇာတ်ကား တစ်ကျော့ပြန် ရုံတင်သည်။ နေပြည်တော်ရုံတွင် နိုင်ငံခြားဇာတ်ကား Anacindas သည်းထိတ်ရင်ဖိုအက်ရှင် ဇာတ်ကား ရုံတင်ပြသနေသည်။

မင်္ဂလာရုံ၌ ပြသနေသော Die Another Day ဂျိမ်းစ်ဘွန်း ဇာတ်ကားမှ ပြကွက်တစ်ခု။

မြို့မရုံ၌ပြသနေသော အိန္ဒိယဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။



ယခုသောကြာပတ်တွင် မြို့မရုံ၌ အိန္ဒိယရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည့် Kahin Pyaar Na Ho Jaaye အမည်ရှိ အချစ်ဇာတ်မြူးဇာတ်ကား ရုံတင်ပြသသည်။ သရုပ်ဆောင် ဘယ်လ်မန်ခန်း၊ ဂျက်လီရှရော့၊ ရာနီမူကာဂျီတို့က အလှအကများဖြင့် သရုပ်ဆောင်ထားကြသည်။

ရွှေဂုန်ရုံတွင် Devdas အမည်ရှိ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယမေတ္တာဘွဲ့ ဇာတ်ကားသစ် ရုံတင်ပြသနေသည်။ အလှဘုရင်မလေးတစ်ဦး၏ ကြေကွဲဆွတ်ပျံ့ဖွယ် ဇာတ်လမ်းကို သရုပ်ဖော်ပြသထားသည်။

ဆုထူးပန်ရုံ၌ Taal အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ အချစ်နှင့်တေးဂီတသရုပ်ဖော်ဇာတ်ကား တစ်ကား ဖြစ်သည်။ **(ကြေးမုံ)**

ကြေးမုံ ရုပ်ရှင်

"ပက်ထရစ်ရွှေဂေါင်း" ဇာတ်ကားမှ မင်းမော်ကွန်း၊ ဆုပန်ထွာနှင့် မေသန်းနုတို့၏ အမူအရာ။

ထားဝယ်ရုပ်ရှင်က ရိုက်ကူးသည့် "အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး" ဇာတ်ကားမှ ဒွေး၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ၏ သရုပ်ဆောင်ကွက်။

အဆင့်မြင့်ဗီဒီယို ဇာတ်ကားရုံတင်

ရန်ကုန် ဇန်နဝါရီ ၂၀

လပ်ကီးဆဲဗင်းဗီဒီယိုမှ ပွဲဦးထွက် အဆင့်မြင့်ဗီဒီယိုဇာတ်ကားဖြစ်သော ဒါရိုက်တာ ခင်စောမျိုးက မင်းသိင်္ခ ဝတ္ထုကို ရိုက်ကူးသည့် **ပက်ထရစ်ရွှေဂေါင်း**ဇာတ်ကား နဝဒေး၊ ရွှေမန်း၊ သီတာ၊ စံပြ၊ မြရတနာရုံများ၌ ပြသနေသည်။

ထိုဇာတ်ကားတွင် ကျော်သူ၊ မင်းမော်ကွန်း၊ မေသန်းနု၊ ဆုပန်ထွာ၊ ဇာဂနာ၊အောင်ခိုင်တို့ သရုပ်ဆောင်ထားကြသည်။ (ကြေးမုံ)

ကျေးလက်ရေပေးရေး အလှူရှင်စက်ရေတွင်းဖွင့်

နတ်မောက် ဇန်နဝါရီ ၂၀

နတ်မောက်မြို့နယ် ကျေးလက်ရေရရှိရေး အဋ္ဌမအကြိမ် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပသည်။ အလှူရှင် ဦးစိန်ကျော်-ဒေါ်တင်ကြည် သားသမီးမြေးတစ်စုက ကျပ်ငါးသိန်း၊ ဦးမောင်စိန်-ဒေါ်ရီ မိသားစုတို့က ကျပ် ငါးသိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် ဘန်းကုန်း အုပ်စု ကျောက်ခွက်ကျေးရွာတွင် နှစ်လက်မ၊ ပေ ၂၅၀ စက်ရေတွင်းကို တူးဖော်ခဲ့ရာ ရေထွက်နှုန်း ဂါလန် ၇၅၀ ထွက်ရှိပြီး ကျေးရွာလူထုအတွက် သောက်သုံးရေ ဖူလုံစွာ ရရှိပြီဖြစ်သည်။

(မြို့နယ်စည်ပင်)

တာချီလိတ်၌ ကတ္တရာလမ်းသစ်နှင့် ကျေးလက် ကျောက်ချောလမ်းဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့နှင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက် ပြီးစီးသော တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပုန်းထွန်ကတ္တရာလမ်းသစ်နှင့် ပုန်းထွန်(မထသ)ဂိတ်မှ ဟွေနမ့်လင်း(လွယ်တော်ခမ်းတံတား)အထိကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲတို့ကို ဇန်နဝါရီ ၃ ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ပန်နန်းဒင်စည်ပင် စုပေါင်းသစ်ပင်စိုက်ပျိုး

ပန်နန်းဒင် ဇန်နဝါရီ ၁၂

ပန်နန်းဒင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဒီဇင်ဘာ ၂၆ ရက်က မြို့တွင်းလမ်းများတွင် အရိပ်ရပင်များ၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြရာ ပန်နန်းဒင်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(နယ်စပ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဇန်နဝါရီ ၁၈ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးအောင်ဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပန်းတနော်မြို့နယ် သရက်ငူကျေးရွာအုပ်စု မေတ္တာမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က အမက ကင်းဝကြီး ကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နှလုံးလှစာကြည့်တိုက် (၁၀)နှစ်ပြည့် အခမ်းအနား ကျင်းပ

ကျောက်ဖြူ ဇန်နဝါရီ ၁၈

ကျောက်ဖြူမြို့နယ် ကလဘာကျေးရွာ နှလုံးလှစာကြည့်တိုက် (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

—— ပေးအပ်လှူဒါန်း ——

အခမ်းအနားတွင် ကလဘာကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသီရိ(စာကြည့်တိုက်မှူး)က သြဝါဒကထာ မိန့်ကြားသည်။ ထို့နောက် ဒေသခံ စာရေးဆရာများက စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ သိကောင်းစရာများကို ဟောပြောကြပြီး ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

(ခရိုင်ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်

ဟိုပင် ဇန်နဝါရီ ၁၈

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မန်ဖိုင်-နမ့်လျှံလမ်းနှင့် တံတားဆောက်လုပ်မည့် အခြေအနေကိုစည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ်သည် ဇန်နဝါရီ ၁၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဇန်နဝါရီ ၁၆ ရက်က ဇလွန်မြို့နယ် ကော့ကပ်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အတူ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် ကျောက်ချောလမ်းခင်း

ဝိုင်းမော် ဇန်နဝါရီ ၁၅

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်လမ်းများကောင်းမွန်ရေးအတွက် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မိုင်းနား-လဘန် ကျေးလက် ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးက ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ ၄၉၀၀ ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၉၈၀၀၀၀၀ ကျခံသုံးစွဲ၍ဆောင်ရွက် ခဲ့ ခြင်း ဖြစ်သည်။

သွားလာနိုင်

အဆိုပါ လမ်းပြီး စီး သွား ပါ က မိုင်းနားကျေးရွာမှ လဘန်ကျေးရွာ၊ နောင်ချိန်းကျေးရွာများသို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၁၂ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့ နေရာဘန်လမ်း အရှည်ပေ ၉၅၀၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)

ဇီးကုန်းစည်ပင် အဆင့်မြင့် ကတ္တရာခင်း

ဇီးကုန်း ဇန်နဝါရီ ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် မြို့ပြနှင့် ကျေးလက်လမ်းလုပ်ငန်းများဖြစ်သည့် ဈေးအရှေ့ပတ်လမ်း အဆင့်မြင့်ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် ၄၆၈ ပေ၊ အကျယ် ၁၂ ပေနှင့် စည်ပင်လမ်းအပိုင်း အဆင့်မြင့်ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၂၇၀၊ အကျယ် ၁၂ ပေတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

မြို့တော်သူ၊ မြို့တော်သားများ ရေကောင်းရေသန့် ဖူလုံစွာရရှိရေး ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) အကောင်အထည်ဖော် စီမံကိန်းပြီးစီးပါက နေ့စဉ်ရေဂါလန် ၁၃၅သန်း ပိုမိုဖြန့်ဝေပေးနိုင်မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ သတင်းထောက် သန်းဆွေ (ပန်းဘဲတန်း)

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးအား မြန်မာတစ်နိုင်ငံလုံး၏ စံပြနမူနာပြ မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ကြည်လင်သန့်စင်၍ ပိုးမွှားကင်းစင်သော ရေကောင်းရေသန့်သောက်သုံးရေများ ဖူလုံစွာအစဉ်ရရှိစေရန် ဆောင်ရွက်နေမှုများကို ထုတ်နုတ်တင်ပြလိုပေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် မြို့တော်နေပြည်သူများ သောက်သုံးရန် ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ ဖူးကြီးရေလှောင်ကန်မှ ရေဂါလန် ၄၄ သန်း၊ လှော်ကားရေလှောင်ကန်မှ ရေဂါလန် ၁၄ သန်း၊ မြို့တော်စည်ပင်သာယာပိုင် အဝီစီတွင်းများမှ ရေဂါလန် ၁၀ သန်း စုစုပေါင်း ရေဂါလန် ၉၅သန်းကို နေ့စဉ်ဖြန့်ဝေလျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ကြသည့် လူဦးရေသည် ၁၉၇၃ ခုနှစ်က သုံးသန်းကျော်ခန့်ရှိခဲ့ရာမှ ယခုအခါ ၅ ဒသမ ၈ သန်းကျော်အထိ တိုးပွားလာသည်။ ထို့အပြင် ရန်ကုန်တိုင်းအတွင်း မြို့သစ်များ အစီအရီပေါ်ပေါက်လာသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်၏ လူဦးရေတိုးတက်မှုနှုန်းကို ချိန်ဆ၍ တစ်နေ့လျှင် ပေးနေကျ ရေဂါလန် ၉၅ သန်းအပြင် ထပ်မံတိုးမြှင့်ပေးရန် လိုအပ်လာသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ကို ၁၉၉၂ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ (၁/၉၂) အစည်းအဝေးက အတည်ပြုပေးခဲ့သည်။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)၌ အနယ်ထိုင်ကန်နှင့် ရေစစ်ကန်များ ရေရှည်တည်တံ့ခိုင်မြဲနေစေရန် ပိုင်စနစ်ကို အသုံးပြုစဉ်။

ဓာတ်ပုံ–သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

အဆိုပါစီမံကိန်းမှာ ငမိုးရိပ်ဆည်မှ ရန်ကုန်မြို့တော်အထိ ၃၂မိုင်အကွာအဝေးအား ပိုက်လိုင်းများချ ရေသွယ်ယူနိုင်ရန် စီမံခဲ့ခြင်းဖြစ်ပြီး အထယုကျေးရွာအနီး ရေတွန်းစက်ရုံ တည်ဆောက်မည့်နေရာမှ ပုလဲမြို့သစ်အထိ ၈ ဒသမ ၅ မိုင်ခန့်ကိုသာ ၅ဖလက်မ အချင်းရှိ သံမဏိရေပိုက်လိုင်းများဖြင့် ဆက်သွယ်နိုင်ခဲ့ပြီး ၁၉၉၇–၉၈ခုနှစ်တွင် လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

အထယုချောင်းအား ဖြတ်သန်းမည့်နေရာ၌ စက်ယန္တရားများ အကူအညီဖြင့် ရေငုပ်ပြွန်များ တည်ဆောက်ရန် ဆောင်ရွက်စဉ်။

ဓာတ်ပုံ–သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၁၂)ကြိမ်မြောက် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေ စာပေဆုများ ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၀

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ် ဆုများချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် (၁၂)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေစာပေဆု ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် အောင်သာဆန်း(သံတွဲ) ရေးသားသည့် “ပန်းကောင်းရနံ့ဆွတ်ပျံ့ဝေ ကဗျာစု”က ပထမ၊ မောင်အုန်းသောင်း(မကွေး) ရေးသားသည့် “တေးသီတဲ့စမ်း ပန်းသီတဲ့လက်”က ဒုတိယ၊ မောင်ကြည်နွယ်(ပင်လည်ဘူး) ရေးသားသည့် “ငှက်တစ်သင်းရဲ့ သီချင်းသံကဗျာများ”က တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် သွဲ့ထားညို(သက္ကလ) ရေးသားသည့် “ရနံ့သင်းသောပန်းတစ်ခင်း” စာမူက ပထမ၊ နန္ဒာခင်(သက္ကလမြေ) ရေးသားသည့် “စစ်တောင်းမြစ်ဝမှ ခေါင်းလောင်းသံ တစ်ကမ္ဘာလုံးသို့ လျှံစေသတည်း” စာမူက ဒုတိယ၊ သိန်းသန်းဝင်း(မလှိုင်) ရေးသားသည့် “မြတ်ပန်တော်ပန်းခိုင်လုံးလန်း” စာမူက တတိယ ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ရွှေညာသားမြတ်မင်း ရေးသားသည့် “ကျေးလက်ရှုခင်းဝတ္ထုတိုများ” စာမူက ဒုတိယ၊ တွင်းကြီးသား တင်ဝင်းဦး ရေးသားသည့် “သူသူ့အနွယ် သူ့နယ်ကို ချစ်သည်နှင့် အခြားဝတ္ထုတိုများ” စာမူက တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် မောင်မိုးယံ ရေးသားသည့် “ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကိုဖြတ်သန်းခြင်း”စာမူက ပထမ၊ ဦးသန်းထွတ်(ပါမောက္ခ–ငြိမ်း) ရေးသားသည့် “မူကြိုပညာရေးနှင့် မြန်မာကလေးကဗျာ” စာမူက ဒုတိယ၊ သဇင်ဦး ရေးသားသည့် “အနာဂတ်စာကြည့်တိုက်ခရီး” စာမူက တတိယ ရရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●